မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်၊ တနလာနေ့ အတွဲ (၆၄)၊ အမှတ် (၁၁၂)

လောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းစေ၏

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံစီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နှစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

မန်းရွှေစက်တော်၌ တည်းခိုဆောင်နှင့် ဈေးဆိုင်ခန်းများ စတင်ဆောက်လုပ်နေ

မင်းဘူး ဇန်နဝါရီ ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော် ဘုရားပွဲတော် ကျင်းပစဉ်ကာလ ဘုရားဖူးလာရောက်ကြသူများ တည်းခိုနားနေနိုင်ရန် မန်းချောင်းသောင်ပြင်အတွင်း၌ တည်းခိုဆောင်နှင့် ဈေးဆိုင်ခန်းများ စတင်ဆောက်လုပ်နေပြီး ပွဲတော်ကာလ ဘုရားဖူးများအား ညအိပ်တည်းခိုခွင့်ပြုမည်ဖြစ်ကြောင်း မန်းရွှေစက်တော် ဘုရားပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီထံမှ သိရသည်။

"အနယ်နယ်အရပ်ရပ်က ဘုရားဖူး ရဟန်းရှင်လူ မိဘပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်ရင်း ညအိပ်တည်းခိုနားနေနိုင်စေဖို့ တည်းခိုဆောင်အခန်းပေါင်း ၆၀၀ ကျော်နဲ့ ဈေးဆိုင် ခန်းပေါင်း ၈၀၀ ကျော်ကို စတင်ဆောက်လုပ်နေပါတယ်။ လက်ရှိမှာတော့ နမ္မဒါ တည်းခိုဆောင် အပါအဝင် ငွေသောင်ယံနှင့် မန်းချောင်းသောင်ပြင် တစ်လျှောက် တည်းခိုဆောင်နဲ့ ဈေးဆိုင်ခန်းပေါင်း ၁၄၀ ကျော်က တော့ ဆောက်လုပ်ပြီးစီးနေပါပြီ။ *စာမျက်နှာ ၄ ကော်လံ ၁* ○

ယနေ့ ဖတ် စ ရာ

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ် (စကု) တို့ ကျိုက်လတ်မြို့နယ် သပြုဆိပ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ပြည်တွင်းသတင်း စာ ၉

ဘယ်သူပြိုင်လို့ ကယ်ပါတော့နိုင်

ဆောင်းပါး စာ ၁၀

ဂါဇာ၌ သီတင်းခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး စတင်

နိုင်ငံတကာသတင်း စာ ၁၃

ပွင့်ဖြူမြို့နယ်၌ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ရေသွင်းနှမ်း ၃၃၁၁ ဧက စိုက်ပျိုးမည်

ပွင့်ဖြူ ဇန်နဝါရီ ၁၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ လာမည့်နွေသီးနှံစိုက်ပျိုးရာသီတွင် အရည်အသွေးမြင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုး ထုတ်လုပ်နိုင်ရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ကန်ထရိုက်လယ်ယာစနစ်ဖြင့် ရေသွင်းနှမ်း ၃၃၁၁ ဧက စိုက်ပျိုး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင် အသင်း (FFA) တာဝန်ရှိသူထံမှ သိရသည်။

"လာမယ့် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ရေသွင်းနှမ်း ၃၃၁၁ ဧက စိုက်ပျိုး ဆောင်ရွက်သွားဖို့ ရှိပါတယ်။ တောင်သူတွေနဲ့ ကန်ထရိုက်လယ်ယာစနစ် အကျိုးတူ ပူးပေါင်း *စာမျက်နှာ ၄ ကော်လံ ၁* ✻

အရည်အသွေးမြင့် ရော်ဘာထုတ်လုပ်ရေးနှင့် ရော်ဘာအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေး

မြန်မာနိုင်ငံတွင် စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ရော်ဘာစိုက်ပျိုးမှုမှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသတစ်ခုလုံး နယ်ချဲ့ဖြိတ်သျှလက်အောက် ကျရောက်သွားခဲ့ပြီးသည့်နောက်ပိုင်းတွင် စတင်ခဲ့ခြင်းဖြစ်သည်။ ရော်ဘာသည် မူရင်းပေါက်ရောက်ရာဒေသ ဘရာဇီးနိုင်ငံမှ ကမ္ဘာအရပ်ရပ်သို့ မျိုးစေ့ယူဆောင် စိုက်ပျိုးခြင်းဖြင့် ပျံ့နှံ့ခဲ့ရာ မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီး မြိတ်ဒေသသို့ ၁၈၇၆ ခုနှစ်တွင် စတင်ရောက်ရှိလာခြင်းဖြစ်သည်ဟု ဆိုသည်။ ရော်ဘာစိုက်ပျိုးခဲ့သည့် သက်တမ်းနှစ်ပေါင်း ၁၅၀ ခန့်ရှိပြီဖြစ်သည့် မြန်မာ့ရော်ဘာ၏ လက်ရှိအထွက်နှုန်းနှင့် အရည်အသွေးတို့မှာ အာဆီယံဒေသတွင်း နိုင်ငံများဖြစ်သော ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံတို့နှင့်နှိုင်းယှဉ်ပါက နိမ့်ကျသည့် အခြေအနေတွင် ရှိနေသည်။

မြန်မာနိုင်ငံတွင် ရော်ဘာကို တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတို့တွင် စုစုပေါင်း ၈က ၁ ဒသမ ၆၄ သန်း စိုက်ပျိုးထားပြီး အစေးခြစ်ခက တစ်သန်းခန့်မှ ရော်ဘာတန်ချိန် သုံးသိန်းကျော် ထွက်ရှိသည်ဟု သိရသည်။ နှစ်စဉ်ထွက်ရှိသည့် ရော်ဘာထဲမှ ပြည်တွင်း၌သုံးစွဲမှုမှာ တန်ချိန်နှစ်သောင်းကျော်ခန့်သာရှိပြီး ကျန်သည့် တန်ချိန်သုံးသိန်းခန့်ကို ပြည်ပသို့ ကုန်ကြမ်းအဖြစ် တင်ပို့ရောင်းချနေရခြင်းဖြစ်သည်။ သို့ရာတွင် ဆိုင်ကယ်၊ စက်ဘီး တာယာများနှင့် ကျွတ်များစသည်တို့ကိုမူ နှစ်စဉ် အမေရိကန်ဒေါ်လာ ၆၅ သန်းဖိုးခန့် တင်သွင်းနေရခြင်းဖြစ်ရာ ပြည်တွင်း၌ ရော်ဘာအခြေခံ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

ပြီးခဲ့သည့် ဧန်နဝါရီ ၁၇ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “MSME လုပ်ငန်းတွင် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါ၊ ဝါး၊ ရော်ဘာနှင့် ကော်ဖီတို့ကို အရည်အသွေးပြည့်မီသည့် ကုန်ချောများအဖြစ် ထုတ်လုပ်နိုင်ရေး ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ရော်ဘာနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကုန်ကြမ်းများ အလုံအလောက်ထွက်ရှိပြီးဖြစ်သဖြင့် နည်းပညာနှင့် အရင်းအနှီးကြီးမားစွာ ဆောင်ရွက်ရန်မလိုသည့် စက်ဘီး၊ ဆိုင်ကယ်တို့တွင် အသုံးပြုသည့် တာယာနှင့်ကျွတ်များ အများအပြား ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်မည်ဆိုပါက နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အနေဖြင့်လည်း အရည်အသွေးမြင့် ရော်ဘာထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း” ပြောကြားခဲ့ရာ အရည်အသွေးမြင့် ရော်ဘာထုတ်လုပ်ရေးနှင့် ရော်ဘာအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မြန်မာ့ရော်ဘာစိုက်ပျိုးရေးတွင် အဓိကအားနည်းချက်ဖြစ်သော တစ်ဧကအထွက်နှုန်းနည်းပါးခြင်းနှင့် ရော်ဘာအရည်အသွေး နိမ့်ကျခြင်းတို့အတွက် ရော်ဘာမျိုးကောင်းမျိုးသန့်၊ ရွေးချယ် စိုက်ပျိုးခြင်း၊ ခေတ်မီ၍စနစ်ကျနသော အစေးလှီးစနစ်နှင့် ရော်ဘာထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်ရန် စိုက်ပျိုးရေးပညာရှင်များက အကြံပြုထားသည်။ သဘာဝရော်ဘာ စိုက်ပျိုးထုတ်လုပ်ရာတွင် ရော်ဘာစေ့းနှုန်းကျဆင်းမှု၊ လုပ်သားရှားပါးမှုနှင့် လုပ်အားခ စရိတ်များမြင့်မားလာမှု၊ အပင်ရောဂါများကျရောက်မှု၊ ရာသီဥတု ဖောက်ပြန်မှုတို့အပါအဝင် စိန်ခေါ်မှုများကို ကြုံတွေ့ကြရစမြဲဖြစ်ရာ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု ရေရှည်တည်တံ့ရေးအတွက် ကုန်ထုတ်စွမ်းအား စဉ်ဆက်မပြတ်မြင့်မားရေး၊ ရော်ဘာစိုက်ပျိုး လုပ်ငန်းအတွင်းမှ အခြားဝင်ငွေအရင်းအမြစ်များ ဖြစ်ပေါ်လာရေးနှင့် စရိတ်စက လျော့ကျရေးတို့အတွက် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်သွားကြရန်လည်း လိုအပ်သည်။

စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ရော်ဘာသည် ရော်ဘာစေ့းကို သာမက ရော်ဘာပင်အိုများမှ သစ်သားကိုပါရရှိပြီး ပေါင်းတင်ပြုပြင်၍ တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်နိုင်သည်။ ရော်ဘာစေးကို ကုန်ကြမ်းအဖြစ်အသုံးပြုပြီး လူသုံး၊ အိမ်သုံး၊ စက်မှုလုပ်ငန်းသုံး ကုန်ချောအမယ်ပေါင်းများစွာ ထုတ်လုပ်နိုင်သည်။ သို့ဖြစ်ရာ မိမိတို့နိုင်ငံတွင် အလုံအလောက်ရရှိနိုင်သည့် ရော်ဘာကုန်ကြမ်းကို အသုံးပြု၍ ရော်ဘာအခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားမြင့်မားရေးတွင် အထောက်အကူဖြစ်နိုင်ပါစေကြောင်း။ ။

ကျန်းမာရေးဝန်ကြီးဌာန

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဧန်နဝါရီလ ၂၀ ရက်မှ ၂၄ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

၁၉ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၄၁၀,၀၀၀) ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေး ကော်မတီ

လမ်းမတော်မြို့နယ်၌ ကြက်ဥများ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိ

ရန်ကုန် ဧန်နဝါရီ ၁၉

ရန်ကုန်တိုင်းအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် လမ်းမတော်မြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ ယနေ့နံနက်ပိုင်းက ကြက်ဥများကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချရာတွင် လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် (၁၅)လမ်းထိပ်၊ မဟာဗန္ဓုလလမ်းနှင့် လမ်းမတော်လမ်းထိပ်၊ အနော်ရထာလမ်းနှင့်(၇)လမ်းထိပ်တို့တွင် ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၆၀ နှုန်းဖြင့် စုစုပေါင်း ကြက်ဥအလုံး ၁၂၅၀၀ ကို မြို့နယ်စည်ပင်သာယာဌာနမှ ရောင်းချပေးသည်။

အဆိုပါရောင်းချပေးနေမှုကို ခရိုင်စည်ပင်အုပ်ချုပ်ရေးမှူးဦးသန်းဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် (၂) ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးသိန်းမြင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ လိုက်လံကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျော်ဆန်းမြင့်

တို်ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား

တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့

မြန်မာ့အလင်း

စာတည်းမှူးချုပ် – စိုးစိုးနိုင်
စာတည်းမှူး – မြင့်စိုး
စာတည်းများ – ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း – ခြူးစန်ဒီနွေး၊ တင်လင်းအောင်
သုတေသန – အိအိခင်နှင့် အဖွဲ့
စာဖြင်စာ – ဇော်မင်းသန်းနှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့
သတင်းထောက်မှူး – ခင်ရတနာ
အကြီးတန်း – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
သတင်းထောက်များ – အေယိတန်း – ဇော်ဝိုင်းအောင်၊ ဝေသူနယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် – တင်စိုး
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၊ ဖက်စ် ၀၆၇-၃၆၁၄၄၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဒိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေးရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုံးပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၅) ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများအစည်းအဝေးနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဧန်နဝါရီ ၁၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဧန်နဝါရီ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပပြုလုပ်သော (၅) ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်စပ်အစည်းအဝေးများ (5th ASEAN Digital Ministers' Meeting – 5th ADGMIN and Related Meetings with Dialogue Partners) သို့ တက်ရောက်ခဲ့ပြီး ဧန်နဝါရီ ၁၈ ရက်က မြန်မာနိုင်ငံသို့ မြန်မာအမျိုးသား လေကြောင်းဖြင့် ပြန်လည်ရောက်ရှိသည်။

(၅) ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးကို အာဆီယံဒေသတွင်း ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဧန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက Avani+ Riverside Bangkok Hotel ၌ ကျင်းပပြုလုပ်ခဲ့ရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Paetongtarn Shinawatra က အဖွင့်အမှာစကား ပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က ယနေ့ခေတ်တွင် အွန်လိုင်းလိမ်လည်မှုများ များပြားလာလျက်ရှိပြီး ပြည်သူများအတွက် ဆိုးရွားသော အန္တရာယ်များဖြစ်စေသည့်အပေါ် စိုးရိမ်ကြောင်းနှင့် အဆိုပါကိစ္စရပ်ကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဒေသတွင်းအတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထို့ပြင် လူမှုအသိုင်းအဝိုင်း၏ ယုံကြည်မှုကို ထိခိုက်စေသည့် သတင်းတု၊ သတင်းအမှားများကို ကာကွယ်တိုက်ဖျက်ရေးအတွက် အာဆီယံတွင်း အစီအမံများ ချမှတ်ဆောင်ရွက်သွားရန်နှင့် ပြည်သူများ၏ ဒစ်ဂျစ်တယ်အသိပညာမြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်းနှင့် ယနေ့ခေတ်တွင် Artificial Intelligent (AI) နည်းပညာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အာဆီယံအနေဖြင့် AI နည်းပညာကို ဒေသတွင်းအကျိုးအတွက် အပြည့်အဝအသုံးချနိုင်စေရေး အားလုံးပါဝင်ပြီး တာဝန်ယူမှုရှိသော နည်းလမ်းများဖြင့် ကျင့်သုံး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

(၅) ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးကို မျက်နှာစုံညီပုံစံဖြင့် ပြုလုပ်ရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး H.E. Prasert Jantararuangtong က သဘာပတိအဖြစ် လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Nguyen Manh Hung က ဒုတိယသဘာပတိအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးကို ဧန်နဝါရီ ၁၆ ရက်မှ ၁၇ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ပြီး တက်ရောက်လာကြသည့် ဝန်ကြီးများက အာဆီယံဒေသအတွင်း ဒစ်ဂျစ်တယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ လုံခြုံမှု၊ တီထွင်ဆန်းသစ်မှု၊ အားလုံးပါဝင်နိုင်မှုဟူသည့် အခြေခံသဘောတရားများနှင့်အညီ အာဆီယံ၏ ဒစ်ဂျစ်တယ်အနာဂတ်ကို ဖော်ဆောင်ရန် ပူးပေါင်း ဆောင်ရွက်မှုများနှင့် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းအတွက် ဆောင်ရွက်ရာတွင် လုံခြုံမှု၊ ဆန်းသစ်တီထွင်မှုနှင့် အားလုံးပါဝင်နိုင်မှုဟူသည့် မူများအပေါ် အခြေခံပြီး ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ အပါအဝင် အာဆီယံနိုင်ငံများတွင် အွန်လိုင်းလိမ်လည်မှုများ တိုးတက်ဖြစ်ပေါ်လာနေသည့်အတွက် ၎င်းတို့ကို တိုက်ဖျက်ရာတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန်၊ ဒစ်ဂျစ်တယ်ငွေကြေး ဝန်ဆောင်မှုများ အပါအဝင် ဒစ်ဂျစ်တယ် ဝန်ဆောင်မှုများကို အသုံးပြုသူများက ယုံကြည်မှုဖြင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် အားလုံးပါဝင်သည့် ဒစ်ဂျစ်တယ် ချိတ်ဆက်မှုကို အကောင်အထည် ဖော်ရာတွင် အင်တာနက်နှင့် ချိတ်ဆက် အသုံးပြုနိုင်မှုကိုသာ ရည်မှန်းပြီး ဆောင်ရွက်ခြင်းမဟုတ်ဘဲ ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများမှ ဒစ်ဂျစ်တယ် ဝန်ဆောင်မှုများကို အဓိပ္ပာယ်ရှိရှိ အသုံးပြုနိုင်ရေး အတွက် digital literacy အစီအစဉ်များကိုလည်း အလေးပေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးတွင် ၂၀၂၄ ခုနှစ်အတွင်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် စီမံကိန်းများကို ပြန်လည်သုံးသပ်ခြင်း၊ ၂၀၂၅ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများကို အတည်ပြုခြင်း၊ စီမံကိန်းများ အတွက် ဘဏ္ဍာငွေအတည်ပြုခြင်း၊ online scam တိုက်ဖျက်ရေး၊ ဆိုက်ဘာလုံခြုံရေး ဖြင့်တင်ရေး၊ အေအိုင်ဖွံ့ဖြိုးတိုးတက်မှု စနစ်တကျဖြစ်စေရေး စသည့်အကြောင်း အရာများတွင် ပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းများကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ဧန်နဝါရီ ၁၆ ရက် ညပိုင်းက ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် Capella Bangkok Hotel ၌ ထိုင်းနိုင်ငံအစိုးရမှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲနှင့် ASEAN Digital Awards 2025 ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ခရီးစဉ်အတွင်း အာဆီယံဝန်ကြီးများသည် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် International Telecommunication Union (ITU) တို့နှင့် Dialogue partners meeting အဖြစ် သီးခြားစီ တွေ့ဆုံဆွေးနွေးပြီး ဗန်ကောက်ဒစ်ဂျစ်တယ်ကြေညာစာတမ်း (Bangkok Digital Declaration) ကို အတည်ပြုထုတ်ပြန်ခဲ့ပြီး အစည်းအဝေးကို ဧန်နဝါရီ ၁၇ ရက် ညနေပိုင်းတွင် 5th ASEAN Digital Ministers' Meeting ၏ press conference ပြုလုပ်၍ ပိတ်သိမ်းခဲ့သည်။

ဧန်နဝါရီ ၁၅ ရက် ညနေပိုင်းက ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် Anantara Riverside Bangkok Resort ၏ Ballroom ၌ ကျင်းပပြုလုပ်သည့် China–ASEAN Digital Ecosystem Cooperation Forum သို့ တက်ရောက်ပြီး နည်းပညာအသစ်များ၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို လည်းကောင်း၊ အဆိုပါ စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းနိုင်မည့် နည်းလမ်းများကို လည်းကောင်း ဆွေးနွေးခဲ့သည်။

ဧန်နဝါရီ ၁၆ ရက်က ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် Ministry of Digital Economy and Society ဝန်ကြီး H.E. Prasert Jantararuangtong နှင့်လည်းကောင်း၊ ဧန်နဝါရီ ၁၇ ရက်က ဗီယက်နမ်နိုင်ငံ Information and Communications ဝန်ကြီးဌာနဝန်ကြီး H.E. Nguyen Manh Hung နှင့် လည်းကောင်း သီးခြားစီ တွေ့ဆုံပြီး သတင်းအချက်အလက်ဖလှယ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

(၅) ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ် ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံ (၁၀) နိုင်ငံနှင့်အတူ တီမော လက်စတေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ အမေရိကန်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေး အဖွဲ့ချုပ်တို့မှ ဒစ်ဂျစ်တယ်ကဏ္ဍဆိုင်ရာ ဝန်ကြီးအဆင့်ရှိသူများ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ အသုံးချသုတေသနဌာနသို့ သွားရောက်ကြည့်ရှု

နေပြည်တော် ဧန်နဝါရီ ၁၉

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ အသုံးချသုတေသနဌာနသို့ သွားရောက်ကြည့်ရှုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အသုံးချသုတေသနဌာန အစည်းအဝေးခန်းမ၌ သုတေသနဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့များ တူးဖော်စမ်းသပ်ရာတွင် အရေးကြီးဆုံးဖြစ်သည့် အရည်အသွေးမှန်ကန်သည့် အဖြေများရရှိရန် သုတေသနနှင့် ဓာတ်ခွဲခန်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြရန်၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သော “2025, the Year of Myanmar Energy” ဆောင်ပုဒ်နှင့်အညီ ယခုနှစ်အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သည့် အနည်ကျချိုင့်ဝှမ်းနှင့် ရေနံမြေသစ်များ ရှာဖွေတွေ့ရှိနိုင်ရန် ကွင်းဆင်းလေ့လာသုတေသနပြုနိုင်ရေး သက်ဆိုင်ရာ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ တက္ကသိုလ်များနှင့်ချိတ်ဆက်ပြီး Project Base သုတေသနကျမ်းများ ထွက်ပေါ်လာရေး ဆောင်ရွက်ရန်နှင့် ယင်းမှတစ်ဆင့် Apply Research အဆင့်အထိ ရောက်အောင် ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး စနစ်တကျ တန်ဖိုးထားကိုင်တွယ်ကြရန်၊ ဓာတ်ခွဲသုတေသနဆောင်ရွက်မှုနှင့် ပတ်သက်၍ မျိုးဆက်သစ် ဝန်ထမ်းများကို လက်ဆင့်ကမ်း လေ့ကျင့်သင်ကြားပေးရန်နှင့် နည်းပညာများမျှဝေပေးရန် လိုအပ်ကြောင်း၊ တိုးတက်နေသော နည်းပညာများကို မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာထားရန်နှင့် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စများအား လူမှုရေးတာဝန်သိမှု (CSR) အစီအစဉ်ဖြင့် တာဝန်ရှိသူများက လိုအပ်သလိုဆောင်ရွက်ပေးနိုင်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အသုံးချသုတေသနဌာနအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်နေမှု၊ လုပ်သားစာကြည့်တိုက်နှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

သတင်းစဉ်

❍ *ရွှေဖုံးမှ*

ဘုရားပရိဝုဏ်အတွင်း တည်ဆောက်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအားလုံးကို မကြာမီရက်ပိုင်းအတွင်း အပြီးဆောင်ရွက်သွားမှာပါ။ ဘုရားဖူးပြည်သူတွေ စိတ်အေးချမ်းသာစွာ တည်ဒိုခိုးကန်တော့နိုင်စေဖို့အတွက် တည်ဒိုဆောင်ဌာနရမ်းခတွေကို သတ်မှတ်နှုန်းထားထက် ပိုမိုကောက်ခံပါက တိုင်ကြားနိုင်သလို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟု မန်းရွှေစက်တော် ဘုရားပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ပြောကြားသည်။

မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်အထိ ရက်ပေါင်း ၇၅ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း၊ ဘုရားဖူးများ သွားလာရေးအဆင်ပြေစေရန်အတွက် သောင်ပြင်အတွင်း၌ ယာယီဘေလီဝိသပေါင်တံတား (အထူးတံတား)တစ်စင်းကို ဆောက်လုပ်ပေးထားကာ မင်းဘူး-ရွှေစက်တော်နှင့် တောင်ပေါ်-တောင်အောက် မော်တော်ယာဉ်လိုင်းများကိုလည်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုထိမှ သိရသည်။

မောင်မောင်(မင်းဘူး)

* *ရွှေဖုံးမှ*

ဆောင်ရွက်မယ့် ကုမ္ပဏီက Green Growth Generation (GGG) ကုမ္ပဏီ ဖြစ်ပါတယ်။ လက်ရှိမှာ ကန်ထရိုက်လယ်ယာစနစ်နဲ့ ရောသွင်းနှစ်စိုက်ပျိုးဆောင်ရွက်မယ့် ကျေးရွာ ၁၉ ရွာမှ ဒေသခံတောင်သူတွေကို တွေ့ဆုံပြီး ကုမ္ပဏီနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်မယ့် လုပ်ငန်းအစီအစဉ်တွေကို ချပြရှင်းလင်းဆွေးနွေးပြီး ဖြစ်ပါတယ်။ ရောသွင်းနှစ်မံး စိုက်ပျိုးရာတွင် မျိုးစေ့ထုတ်စိုက်ကွက် ၁၅၅ ဧကနဲ့ ရိုးရိုးစိုက်ကွက် ၃၁၇၆ ဧက စုစုပေါင်း ၃၃၃၁ ဧက စိုက်ပျိုးဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု မြို့နယ်တောင်သူအကျိုးဆောင်အသင်း(FFA)ဥက္ကဋ္ဌ ဦးမြင့်အောင်က ပြောသည်။

ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း (FFA) က မြို့နယ်အတွင်း သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်စေရေး၊ အရည်အသွေးမြင့် သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ထွက်ရှိလာသော သီးနှံများတွင် ထုတ်လုပ်သူရောစားသုံးသူပါ အစားအစာဘေးကင်းလုံခြုံရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန် မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး စသည့် တောင်သူအကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးကုမ္ပဏီများနှင့် ချိတ်ဆက်၍ ဒေသတွင်းရှိ တောင်သူများကို သီးနှံဝင်ငွေ အကျိုးအမြတ် ရရှိစေရန် ကန်ထရိုက်လယ်ယာ စနစ်ဖြင့် သီးနှံများ စိုက်ပျိုးခြင်း၊ စိုက်ပျိုးသီးနှံများပေါ်ခိုနိုင်တွင် တောင်သူများအတွက် သင့်တင့်မျှတသော သီးနှံဈေးနှုန်းများ ရရှိစေရေး အတွက် တောင်သူစုပေါင်းသီးနှံရောင်းချပွဲများ ကျင်းပပေးခြင်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ

မိုင်းယောင်းမြို့၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ တွေ့ဆုံဆွေးနွေး

မိုင်းယောင်း ဧန်နဝါရီ ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်စစ်ကြောင်းကြီး ငါးကြောင်းနှင့် မြို့နယ်မီးခိုးမြူငွေ့၊ လျှော့ချရေးကွင်းဆင်းအဖွဲ့က မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် စာရေးများ၊ ကျေးရွာတာဝန်ခံများ၊ မြို့ပေါ်လုံခြုံရေးအဖွဲ့များ စုစုပေါင်းအင်အား ၅၀၀ တို့က ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့စစ်မှုထမ်း၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်မှုနှိမ်နင်းရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် မြို့နယ်မီးသတ်ဦးစီးဌာနရုံးနှင့် ဝမ်ဘိုးကျေးရွာအုပ်စု ဖကျောက်ကျေးရွာ၌ မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြပွဲနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ လျှော့ချရေး EM ဘိုကာရှိ အသုံးပြုနည်း လက်တွေ့သရုပ်ပြပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

Grade-5 သင်ကြား၊ သင်ယူမှု ထိရောက်ရေး အရည်အသွေးမြှင့်ဆွေးနွေးပွဲ တံတားဥ ဖွင့်လှစ်သင်ကြား

တံတား ဧန်နဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး တံတားမြို့နယ်အတွင်းရှိ ဆရာ ဆရာမများ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်စေရန်နှင့် သင်ခန်းစာများကို ကျွမ်းကျင်စွာ သင်ကြားပေးနိုင်ရန် ရည်ရွယ်၍ မြို့နယ်ပညာရေးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် Grade-5 သင်ကြားသင်ယူမှုထိရောက်ရေး အရည်အသွေးမြှင့် ဆွေးနွေးပွဲကို ယမန်နေ့က အထက(၁) တံတားဥ ဖွင့်လှစ်ခဲ့သည်။ **(ယာပုံ)**

ဦးစွာ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်မြချိုက အခြေခံပညာမူလတန်းအဆင့် Grade-5 သင်ကြားသင်ယူမှု ထိရောက်ရေး အရည်အသွေးမြှင့်ဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ ပြောကြားသည်။ အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းများမှ Grade-5 အတန်းတွင် ပညာသင်ကြားပေးနေသော ဆရာ ဆရာမ ၃၉၇ ဦး တက်ရောက်ကြပြီး ဧန်နဝါရီ ၁၈၊ ၁၉၊ ၂၅၊ ၂၆ ရက် စုစုပေါင်း လေးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ရေနံချောင်းမြို့နယ်၌ ပြောင်းဖူးနှင့် နှံစားပြောင်း ၈က ၆၀၀၀ ကျော် ရိတ်သိမ်း

မင်းကွေး ဧန်နဝါရီ ၁၉

မင်းကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ စိုက်ပျိုးရာသီတွင် မိုးရာသီနှင့် ဆောင်းရာသီတွင် ပြောင်းဖူးနှင့် နှံစားပြောင်း စုစုပေါင်း ၈က ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးကာ ရိတ်သိမ်းခဲ့ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ရေနံချောင်းမြို့နယ်၌ ပြောင်းဖူးကို ရာသီစာအဖြစ်လည်းကောင်း ရောင်းရပြီး ပြောင်းဖူးစေ့ကို တင်းချိန်စနစ်ဖြင့် ရောင်းရသည့်အပြင် ပြောင်းဖူးစေ့နှင့် ပြုလုပ်သော မြန်မာ့ရိုးရာအစားအစာများဖြစ်သော ပြောင်းဖူးပေါင်း၊ ပြောင်းဖူးကြော်၊ ပြောင်းဖူးစေ့ပြုတ် အပါအဝင် အစားအစာတွင်လည်းကောင်း၊ မုန့်မျိုးစုံ လုပ်ငန်းများက ကုန်ကြမ်းအဖြစ် အသုံးပြုကြသည့်အပြင် မွေးမြူရေးလုပ်ငန်းသုံးအဖြစ် အသုံးပြုကြကာ လယ်ယာလုပ်ငန်းခွင်များ၌ မွေးမြူသော ကြွ၊ နွားများအတွက် အစားအစာ ဖူလုံရေးကို အထောက်အကူပြုသဖြင့် ပြောင်းဖူးကို တိုးချဲ့စိုက်ပျိုးနိုင်သည်။

ရေနံချောင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ စိုက်ပျိုးရာသီ၌ မိုးရာသီနှင့် ဆောင်းရာသီတွင် ပြောင်းဖူးစိုက်ဧက ၆၁၅၅ ဧကနှင့် နှံစားပြောင်းကို ၄၅ ဧကကို ရိတ်သိမ်းခဲ့ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ဆန်းညွှန့်(ရေနံချောင်း)

မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ (Myanmar National Building Code) အကောင်အထည်ဖော်ရေးဦးစီးကော်မတီ အစည်းအဝေး(၁/၂၀၂၅) ကျင်းပ

နေပြည်တော် ဧန်နဝါရီ ၁၉

မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ(Myanmar National Building Code)အကောင်အထည်ဖော်ရေး ဦးစီးကော်မတီ အစည်းအဝေး(၁/၂၀၂၅)ကို ယနေ့တွင် ရန်ကုန်မြို့လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ရုံး Conference Room ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ အကောင်အထည်ဖော်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ ရေးဆွဲပြုစုရေးဆပ်ကော်မတီနှင့် အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့တို့မှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် ပညာရှင်များ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် အတွင်းရေးမှူးများ၊ အသင်းအဖွဲ့များနှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ(MNBC)ကို ၂၀၂၀ ပြည့်နှစ်တွင် နောက်ဆုံးပြင်ဆင်အတည်ပြုထားသည်ဖြစ်၍ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ထိထိရောက်ရောက် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် (MNBC–2020)ကို လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်၍ MNBC–2025 အဖြစ် အတည်ပြုထုတ်ဝေလိုကြောင်း၊ ယခုအစည်းအဝေးတွင် နယ်ပယ်အလိုက် ပညာရှင်များက ဘက်စုံထောင့်စုံမှ ပါဝင်ဆွေးနွေးပေးစေလိုကြောင်း၊ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ ရေးဆွဲပြုစုရေးဆပ်ကော်မတီကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်က ဦးဆောင်၍ သက်ဆိုင်ရာ Technical Working Group အဖွဲ့ခေါင်းဆောင်များ၊ ဌာနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပြီး ပြုစုရေးဆွဲရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ MNBC–2025 အား ၂၀၂၅ ခုနှစ် မတ်လတွင် ဖြန့်ဝေနိုင်ရေး ဆောင်ရွက်ရန်နှင့် ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်တွင် အသုံးချနိုင်ရန် ရည်ရွယ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မြတ်၊ မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌေး၊ အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များရေးဆွဲပြုစုရေးဆပ်ကော်မတီဥက္ကဋ္ဌဦးညွှန့်မောင်စန်းတို့က လုပ်ငန်းနယ်ပယ်အလိုက် တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နည်းပညာများ၊ လိုအပ်ချက်များ ပြင်ဆင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှုရေးဆွဲပြုစုရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြသည်။ **(အပေါ်ပို့)**

ယင်းနောက် ဒေါက်တာ ဉာဏ်မြင့်ကျော်နှင့် ဦးစောထွေးဇော်တို့က အဆောက်အအုံများ၏ အရေးပါမှုအပေါ် Hazard Level ခွဲခြားသတ်မှတ်ခြင်း၊ အဆောက်အအုံအမျိုးအစားအလိုက် ငလျင်သတ်မှတ်ချက် Risk Level နှင့် Importance Factor ခွဲခြားခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကျောက်စိမ်းဖြင့် ထုလုပ်ထားသည့် စေတိယဂံဏာစာလျှောက်မေးပွဲတံဆိပ်တော်များ ရွှေတိဂုံစေတီတော်ဗုဒ္ဓဖြူတိုက်သို့ လွှဲပြောင်းပေးအပ်လှူဒါန်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်

ရန်ကုန် ဧန်နဝါရီ ၁၉

စေတိယဂံဏာပရိယတ္တိ ဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အနေဖြင့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နေ အောင်ရွှေနန်းဟိန်းကျောက်မျက်ကုမ္ပဏီ ပိုင်ရှင် ဦးဇော်ဌေး+ဒေါ်နွဲ့နွဲ့ဝင်း မိသားစုတို့က ကျောက်စိမ်းဖြင့် ထုလုပ်ထားသည့် အချင်း လက်မ ၃၀၊ ထုသုံးလက်မခွဲအရွယ်ရှိ “စေတိယဂံဏာ စာလျှောက်မေးပွဲတံဆိပ်တော်” များအား ရွှေတိဂုံစေတီတော်ဗုဒ္ဓဖြူတိုက်သို့ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင်အနောက်ဘက် ဗုဒ္ဓဖြူတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ သြဝါဒစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ စေတိယဏာဝဠုံသကာမှန်ကင်းပဓောတာရုံဆရာတော် ဘဒ္ဒန္တ ဣန္ဒိကာဘိဝံသထံမှ ဧည့်ဝရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အလှူရှင်များက လှူဒါန်းမှုနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပြတိုက်ပြခန်းဌာန တာဝန်ခံ ဂေါပကအဖွဲ့ဝင်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အလှူရှင်များက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပါဠိတတ္တသိုလ်ညောင်ကုန်းကျောင်းတိုက် ပဓာနနာယက တိပိဋကသြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ဓဝါစက ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဒမ္မ ဓောတိကဓေ သ.စ. အမ္မောစရိယ (ဝဠ္ဍသကာ) ပါဠိပါရဂူ စေတိယဂံဏာပဝရ သိရိမဟာမဓုဂုရုနိုင်ငံတော်ဗဟုသုတမဟာဝန်ဆောင် ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာဆရာတော်) ထံမှ အနုမောဒနာတရား နာကြားယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

စေတိယဂံဏာစာလျှောက်မေးပွဲနှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ကျောက်စိမ်းတံဆိပ်တော်များကို ဘုရားဖူးအများပြည်သူတို့လေ့လာကြည့်ရှုနိုင်စေရန်အတွက် ရွှေတိဂုံစေတီတော် ဗုဒ္ဓဖြူတိုက်၌ ခင်းကျင်းပြသပေးထားမည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် (၁၀၆)ကြိမ်မြောက် စေတိယဂံဏာပရိယတ္တိ ဓမ္မာနုဂ္ဂဟ စာအောင်ဆုနှင်းသဘင် အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် အတူ ရွှေတိဂုံစေတီတော်မြတ်ကြီး အား ရွှေသင်္ကန်းကပ်လှူပူဇော်နေမှုအခြေအနေ၊ ထီးတော်နှင့် ဆပ်သွားဖူးတော်ရှိရတနာပစ္စည်းများ ရောင်တော်ဖွင့်ခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်သို့ ငြမ်းစေတီ ဆက်လက်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နည်းပညာတက္ကသိုလ် (တောင်ငူ)၌ အဋ္ဌမအကြိမ် မဟာအင်ဂျင်နီယာဘွဲ့နှင့် (၁၉)ကြိမ်မြောက် အင်ဂျင်နီယာဘွဲ့၊ ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

တောင်ငူ ဧန်နဝါရီ ၁၉

ပဲခူးတိုင်းဒေသကြီး နည်းပညာတက္ကသိုလ် (တောင်ငူ)၌ အဋ္ဌမအကြိမ် မဟာအင်ဂျင်နီယာဘွဲ့နှင့် (၁၉) ကြိမ်မြောက် အင်ဂျင်နီယာဘွဲ့၊ ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ထိုသို့ ကျင်းပရာတွင် နည်းပညာတက္ကသိုလ် (တောင်ငူ) ဒုတိယပါမောက္ခချုပ် အမှူးပြုသော စီမံခန့်ခွဲရေးအဖွဲ့ဝင် ပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဝင်းမွန်က ဘွဲ့နှင်းသဘင် ကျင်းပကြောင်းကြေညာကာ ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ ဌာနမှူးဆရာကြီး ဆရာမကြီးများက ဘွဲ့ယူမည့်သူများကို ဒုတိယပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ်က မဟာအင်ဂျင်နီယာဘွဲ့နှင့် အင်ဂျင်နီယာဘွဲ့ ရရှိသူ ကျောင်းသားကျောင်းသူ ၂၂၂ ဦးအား ဘွဲ့လက်မှတ်များချီးမြှင့်အပ်နှင်း၍ ဘွဲ့ရသူများအား ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင်အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ထို့နောက် ဒုတိယပါမောက္ခချုပ်က အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ဓော်ကိုကို (တောင်ငူ)

ထုတ်ကုန်ပစ္စည်းများ အမြောက်အများထုတ်လုပ်နိုင်ရေးအတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးရမည်

နေပြည်တော် ဧနေ့နဝါရီ ၁၉

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ အဆိုပါဌာနမှ ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီး ဦးစီးဌာနမှူးက တိုင်းဒေသကြီးအတွင်းရှိ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ မကွေးစက်မှုဇုန် တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဖြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပါဝင်ပြသ၊ ယှဉ်ပြိုင်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) တွင် MSME ကဏ္ဍမှ ပါဝင်မှုရာခိုင်နှုန်းကို တွက်ချက်ထားရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုတိုးတက်လျှင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ထုတ်ကုန်ပစ္စည်းများ အမြောက်အများ ထုတ်လုပ်နိုင်ရေးအတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နည်းပညာရရှိရေး၊ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးအရင်းအနှီးရရှိရေးတို့ကို စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နည်းပညာရရှိရေးအတွက် စက်မှုလုပ်ငန်းများနှင့် တက္ကသိုလ်များ ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSME များသည် ဒေသတွင်းရှိ ပြည်သူများကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သဖြင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်၍ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်အောင် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်မြို့၌ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ MSME များမှ ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုကို လှည့်လည်အားပေးကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရှိ ဝန်ထမ်းများကို အမှာစကားပြောကြားစဉ်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အပတ်စဉ်စနေနေ့တိုင်း မြို့/ရွာ စုပေါင်းသန့်ရှင်းရေးပြုလုပ်

ပဲခူး ဧနေ့နဝါရီ ၁၉

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အပတ်စဉ် စနေနေ့တိုင်း မြို့/ရွာသန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းကို ယမန်နေ့တွင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၌ တစ်ပြိုင်တည်း ပြုလုပ်ခဲ့သည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များစုပေါင်းအားဖြင့် သန့်ရှင်းရေးပြုလုပ်နေမှုအား လှည့်လည်ကြည့်ရှုအားပေးသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများ၊ အများနှင့် သက်ဆိုင်သောပန်းခြံများနှင့် သောက်သုံးရေကန်တို့တွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မြန်မာနိုင်ငံသတင်းစာဆရာအသင်း စတုတ္ထအကြိမ် နှစ်ပတ်လည်ညီလာခံနှင့် တိုင်းအလုပ်အမှုဆောင်များ ပြန်လည်ရွေးချယ်တင်မြှောက်ပွဲကျင်းပ

ရန်ကုန် ဧနေ့နဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံသတင်းစာဆရာအသင်း ၂၀၂၅ ခုနှစ် စတုတ္ထအကြိမ် နှစ်ပတ်လည်ညီလာခံနှင့်တိုင်းအလုပ်အမှုဆောင်များ ပြန်လည်ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဗဟန်းမြို့နယ် ကြီးငါးကြီးဆုတောင်းပြည့်ဘုရားရင်ပြင်တော်၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးမြတ်ခိုင်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ တတိယအကြိမ် သက်တမ်းအတွင်းလုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို ဒုတိယဥက္ကဋ္ဌ ဦးသက်တင်က ဖတ်ကြားတင်ပြပြီး စတုတ္ထအကြိမ် ညီလာခံသက်တမ်းအတွက် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ရန် စီစဉ်ထားရှိမှုကို တွဲဖက်အတွင်းရေးမှူး (၁) ဦးတင်ဝင်းက ရှင်းလင်းတင်ပြသည်။ ယင်းနောက် ရွေးချယ်တင်မြှောက်ပွဲအတွက် မဲပေးပုံနည်းစနစ်များကို ရွေးချယ်တင်မြှောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးရန်နောင်(ပညာရေး)က ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆန္ဒမဲလက်မှတ်များ ထုတ်ပေးခြင်းနှင့် ညီလာခံကိုယ်စားလှယ်များ တစ်ဦးချင်း လျှို့ဝှက်မဲစနစ်ဖြင့် မြို့နယ်များမှ ကိုယ်စားလှယ်များကဆန္ဒပြုကြသည်။ ယင်းနောက် စတုတ္ထအကြိမ်ညီလာခံသက်တမ်းအတွက် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ကြရာ ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးထွန်းရင်၊ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူး ဦးတင်ဝင်း(တင်ဝင်းလေး-ကြည့်မြင်တိုင်)နှင့် အလုပ်အမှုဆောင် ကိုးဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ကတိသစ္စာခံယူခဲ့ကြကြောင်း သိရသည်။ အာကာလင်း

အင်းစိန်မြို့နယ် စာရေးဆရာအသင်း သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧနေ့နဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စာရေးဆရာအသင်းက ကြီးမှူး၍ သက်ကြီးပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် အင်းစိန်မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အင်းစိန်မြို့နယ် စာရေးဆရာအသင်းနာယက ရန်နောင်(ပညာရေး)၊ ဥက္ကဋ္ဌ တော်မြင့်(ငှက်ဖျား)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်(အင်းစိန်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါစန္ဒာထွန်းတို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်း(ဗဟို)မှ ပေးပို့သည့်သဝဏ်လွှာကို အတွင်းရေးမှူး ရန်မိုးအောင်(အင်းစိန်)က ဖတ်ကြားသည်။ ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌမြင်းမူမောင်နိုင်မိုးနှင့် စာပေဗိမာန်ဆုရှင် ဆရာ ချစ်ညွှန့်ကျော်တို့က စာပေဗဟုသုတများကို ဟောပြောခဲ့ကြပြီး အသက် (၇၀)နှင့်အထက် သက်ကြီးစာရေးဆရာ ၃၂ ဦးတို့ကို ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။ ဥာဏ်လင်း

ဧလွန်မြို့နယ်အဆင့် Big Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှုံတိုက်ကျွေးရန် အသိပညာပေးဆွေးနွေး

ဧလွန် ဧနေ့နဝါရီ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဧလွန်မြို့နယ်၌ မြို့နယ်အဆင့် အသက်တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးငယ်များကို Big Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှုံတိုက်ကျွေးရန် အသိပညာပေးဆွေးနွေးခြင်း အခမ်းအနားကို ယမန်နေ့က မြို့နယ်ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အမှာစကား ပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာရွှေဝါမြင့်က အသက် တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးငယ်များကို Big Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှုံတိုက်ကျွေးမည့် နည်းလမ်းများအား ရှင်းလင်းဆွေးနွေးသည်။ ဧလွန်မြို့နယ်၌ မြို့နယ်အဆင့် အသက်တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးငယ်များကို Big Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှုံတိုက်ကျွေးခြင်း (ပထမအကြိမ်)ကို ဧနေ့နဝါရီ ၂၀ ရက်မှစတင်ပြီး ဧနေ့နဝါရီ ၂၆ ရက်အထိ မြို့နယ်၊ ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများတွင် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ မြို့နယ်(ပြန်/ဆက်)

ကချင်ပြည်နယ်၌ စတုတ္ထအကြိမ် စာအောင်ဆုနှင်းသဘင်အခမ်းအနား ကျင်းပ

မြစ်ကြီးနား ဧန်နဝါရီ ၁၉

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် အစိုးရဓမ္မာစရိယစာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့ကြသည့် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား စတုတ္ထအကြိမ် စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ယမန်နေ့တွင် မြစ်ကြီးနားမြို့ရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ခေမာသီဝံကျောင်းတိုက် ဆရာတော် အဘိဓမ္မဟာရဋ္ဌဂုရု ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ စာအောင်ဆုရ သံဃာတော်များ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် အလှူရှင်များ၊ ဧည့်သည်တော်များက ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက သံဃာတော်များထံ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုဒွေများကို ဆက်ကပ် လှူဒါန်းကြသည်။

စာအောင်ဆုတံဆိပ်များအပ်နှင်း

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် တပ်နယ်မှူး၊ ပြည်နယ်ဝန်ကြီးများ နှင့် ပြည်နယ်ဥပဒေချုပ်တို့က အစိုးရဓမ္မာစရိယ စာမေးပွဲတွင် ပထမကြီး၊ ပထမလတ်၊ ပထမငယ်နှင့် အခြေပြုမူလတန်း၊ နိကာယဝိဒူ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စသည်တို့ကို အောင်မြင်တော်မူကြသော သံဃာတော်များ၊ သီလရှင်ဆရာများနှင့် လူပုဂ္ဂိုလ် စုစုပေါင်း ၁၂၉ ပါးတို့အား စာအောင်ဆုတံဆိပ်များကို ဆက်ကပ်အပ်နှင်းခဲ့ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေ သမ္မောဒနီယဩဝါဒကထာကို နာယူတော်မူကြပြီး ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

ကန့်ဘလူမြို့၌ ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

ကန့်ဘလူ ဧန်နဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုးဆွတ်စေရေး လှုပ်ရှားမှုကော်မတီမှ ကြီးမှူးကျင်းပသည့် အထက်တန်းအဆင့် ကျပန်းစကား ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဧန်နဝါရီ ၁၇ ရက်တွင် စတင်ကျင်းပသည်။

ဦးစွာ အထက်တန်းအဆင့် ကျပန်းစကားပြော ပြိုင်ပွဲတွင် အမှတ်ပေး စည်းကမ်းများနှင့် ပတ်သက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်ကရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကိုကျင်းပရာ ဘာကြောင့် စာဖတ်သင့် သလဲ၊ စာပေ၏တန်ဖိုး၊ အိမ်တစ်အိမ် စာအုပ်စင်တစ်စင်၊ ကျောင်းတစ်ကျောင်း စာကြည့်တိုက်တစ်တိုက် စသည့် ခေါင်းစဉ်သုံးမျိုးတို့အား မဲနှိုက်၍ကျရာ ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်စေရာ ကျောင်းသား ကျောင်းသူ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၌ မိမိကြိုက်နှစ်သက်ရာ ကဗျာဖြင့် ယှဉ်ပြိုင်ကြရာ ကျောင်းသား ကျောင်းသူ ၃၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဧန်နဝါရီ ၁၉

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ



ကျောက်ဆည်တက္ကသိုလ်၌ ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

စဉ့်ကိုင် ဧန်နဝါရီ ၁၉

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် တောမကျေးရွာအတွင်းရှိ ကျောက်ဆည်တက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် (၁၈) ကြိမ်မြောက် ဘွဲ့နှင်းသဘင် ပေးအပ်ပွဲအခမ်းအနားကို ဧန်နဝါရီ ၁၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာရီရီဦးက ပညာရေးအဖွဲ့မှ ထောက်ခံချက်ပေးပြီးသော ဘွဲ့များကို အပ်နှင်းလိုက်သော အခါ နေ့စဉ်နေ့တိုင်း နေထိုင်ပြောဆိုမှုများ၌ တက္ကသိုလ် ကျောင်းထွက်များနှင့် သင့်လျော်ထိုက်တန်စွာ ပြုမူပြောဆိုခြင်း၊ ကိုယ်ကျင့်တရား ကောင်းမွန်မှုနှင့် မွန်မြတ်သော ပညာရှာဖို့မူကို အခွင့်အရေး အစွမ်းသတ္တိရှိသမျှ ထိန်းသိမ်းဆောင်ရွက်ရန်၊ လူနှင့် လူအဖွဲ့အစည်းအားလုံး ငြိမ်းချမ်း သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းသတ္တိရှိသမျှ ဆောင်ရွက်ထိန်းသိမ်း စောင့်ရှောက်ပါမည် ဆိုသည့် ကတိများမေးမြန်းရာ ဘွဲ့ရမောင်မယ်များက ကတိသစ္စာပြုခဲ့ကြသည်။

ယင်းနောက် ဘွဲ့နှင်းသဘင် ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိက၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သချိုင်း၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ ဘာသာရပ်ဆိုင်ရာ ဝိဇ္ဇာဂုဏ်ထူး ဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ သိပ္ပံဂုဏ်ထူး၊ မဟာသိပ္ပံဘွဲ့ရရှိသူ ၉၈၆ ဦးနှင့် အဝေးရောက်ဘွဲ့ရရှိသူ၊ အဝေးရောက်ဘွဲ့ယူသူ ၂၃ ဦးတို့ကို ဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကျော်စွာ(စဉ့်ကိုင်)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဧနှစ်ဝါရီ ၁၉

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉)သို့ တက်ရောက်ရန် ရွှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်းသို့ ရောက်ရှိလာသည့် ရွှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဗိုလ်မှူးချုပ် စိုးလွင်နှင့် အရာရှိစစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကြိုဆိုခဲ့ကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉)ကို ဧနှစ်ဝါရီ ၂၀ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ တက်ရောက်ရန် ရောက်ရှိနေသည့် နိုင်ငံ့သားကောင်းရတနာများအား စုဖွဲ့ပြင်ဆင်မှုများ၊ လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များကို တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

MNL ပြိုင်ပွဲတွင် အား/ကာသိပ္ပံနှင့် မြဝတီအသင်း ဂုံးမရှိသရေကျ

ရန်ကုန် ဧနှစ်ဝါရီ ၁၉

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) တတိယနေ့ကို ဧနှစ်ဝါရီ ၁၉ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံအသင်းနှင့် မြဝတီအသင်း ဂုံးမရှိသရေကျခဲ့သည်။

ဇယားအောက်ဆုံးရောက်ရှိပြီး တန်းဆင်းဇုန်အတွက် ဖိအားများနေသည့် မြဝတီအသင်းသည် ယခုပွဲမတိုင်မီ နည်းပြချုပ်နေရာ အပြောင်းအလဲပြုလုပ်ခဲ့ပြီး နည်းပြသစ် ဦးမင်းကြည်လက်ထက် ပထမဆုံးပွဲတွင် အဆင့် ၅ နေရာမှ အား/ကာသိပ္ပံအသင်းကို သရေကစားနိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းမှာမူ သရေတစ်မှတ်သာ ရယူနိုင်သဖြင့် အဆင့် ၄ နေရာအတွက် အမှတ်ကွာဟမှု လျော့ချနိုင်ရန် လက်ကျန်ပွဲများတွင် ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။

ကစားအားကောင်းသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်သောကြောင့် ပွဲစကတည်းက အပြန်အလှန်တိုက်စစ်ဆင်နိုင်သော်လည်း အခွင့်အရေးများ အသုံးမချနိုင်သဖြင့် သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မြဝတီအသင်းမှ နေသူရအောင်က ရရှိသည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၆ ပွဲကစား ၂၇ မှတ်၊ မြဝတီအသင်းက ၁၆ ပွဲကစား ငါးမှတ် ရရှိထားသည်။

ပွဲစဉ် (၁၆) စတုတ္ထနေ့ကို ဧနှစ်ဝါရီ ၂၀ ရက်တွင် YUSC ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဧရာဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်လွင် ၊ ဓာတ်ပုံ-MNL

အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲ နောက်ဆုံးပွဲတွင် မြန်မာအသင်း မကာအိုကို ဂုံးပြတ်အနိုင်ရ

ရန်ကုန် ဧနှစ်ဝါရီ ၁၉

၂၀၂၅ အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲအုပ်စု (D) နောက်ဆုံးနေ့ကို ဧနှစ်ဝါရီ ၁၉ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပရာ မြန်မာအသင်း ဂုံးပြတ်အနိုင်ရခဲ့သည်။

အုပ်စု (D) နောက်ဆုံးနေ့တွင် မြန်မာအသင်းက မကာအိုအသင်းကို ၁၂ ဂုံး - တစ်ဂုံးဖြင့် အနိုင်ရပြီး ဗီယက်နမ်နှင့် တရုတ်(တိုင်ပေ) အသင်း နှစ်ဂုံးစီသရေကျခဲ့သည်။ မြန်မာအသင်းသည် မကာအို အသင်းကို ဂုံးပြတ်အနိုင်ရခဲ့သော်လည်း အကောင်းဆုံးအုပ်စု တတိယနေရာနှင့် လွဲချော်ခဲ့သဖြင့် ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးခဲ့သည်။

မြန်မာအသင်းသည် နှစ်ပွဲဆက်တိုက် အရေးနိမ့်ခံထားသဖြင့် ယခုပွဲတွင် အနိုင်ရလဒ်အပြင် ဂုံးများများ သွင်းယူနိုင်ရန်ပါ ကြိုးပမ်းခဲ့ပြီး ဂုံးတစ်ဒါဇင်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ဂုံးများကို မေသက်ပိုင်က သုံးဂုံး၊ ဇင်မြိမ်းချစ်၊ ဝတ်ရည်လွင်နှင့် ယမင်းသန့်ဇင်တို့က နှစ်ဂုံးစီ၊ မေဇင်ဦးက တစ်ဂုံး သွင်းယူပြီး ကျန်နှစ်ဂုံးမှာမူ မကာအိအသင်းမှ ကိုယ့်ဂုံးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ အုပ်စု (D) ပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်းက ခုနစ်မှတ်စီ၊ မြန်မာအသင်းက သုံးမှတ်ရရှိပြီး မကာအိုအသင်းမှာမူ သုံးပွဲစလုံးရှုံးကာ အမှတ်မရခဲ့ပေ။

ခြေစစ်ပွဲ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (A) ၌ ထိုင်းအသင်းက ၁၂ မှတ်ဖြင့် အုပ်စုထိပ်၊ ဘာရိန်းအသင်းက ခုနစ်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (B) ၌ အင်ဒိုနီးရှားအသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ ဟောင်ကောင်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (C) ၌ ဩစတြေးလျအသင်းက ၁၂ မှတ်ဖြင့် အုပ်စုပထမ၊ ဥဇဘက်ကစ္စတန်အသင်းက ခုနစ်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (D) ၌ ဗီယက်နမ်အသင်းက ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ တရုတ်(တိုင်ပေ)အသင်းက ခုနစ်မှတ်ဖြင့် အုပ်စုဒုတိယရရှိပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ အကောင်းဆုံးအုပ်စုတတိယနေရာအတွက် တွက်ချက်ရာတွင် ငါးသင်းပါဝင်သော အုပ်စုမှအသင်းများကို အုပ်စုအောက်ဆုံးရပ်တည်သည့် အသင်းနှင့် တွေ့ဆုံသည့်ရလဒ်ကို ပယ်ဖျက်ခဲ့ပြီး အုပ်စု (A) မှ ပါလက်စတိုင်းအသင်းက တစ်မှတ်၊ အုပ်စု (B) မှ ကာဂျစ္စတန်အသင်းက သုံးမှတ်၊ အုပ်စု (C) မှ ဖိလစ်ပိုင်အသင်းက လေးမှတ်၊ အုပ်စု (D) မှ မြန်မာအသင်းက သုံးမှတ်ရရှိရာ ဖိလစ်ပိုင်အသင်းက အကောင်းဆုံးအုပ်စုတတိယနေရာ ရရှိပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF

❖ *ကျောဖုံးမှ*

မိုင်းပျဉ်းမှ ကျိုင်းတုံဘက်သို့ စိုင်းစံလှ ၃၂ နှစ် (ဘ)ဦးအိုက်ဆာ မိုင်းပျဉ်းမြို့နယ်နေသူ မောင်းနှင်ပြီး စိုင်းဝန်းခေါင် ၁၈ နှစ် (ဘ) ဦးစိုင်းနမ်းရှန် မိုင်းပျဉ်းမြို့နယ်နေသူ လိုက်ပါလာသည့် ISUZU D-MAX မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်နောက်ခန်း ကြမ်းခင်းအံဝှက်အတွင်းမှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၃၈၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၆၆ သိန်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် တာချီလိတ်မြို့ ရန်အောင်မြေ ရပ်ကွက်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် စိုင်းဆိုင်အွန်(ခ)အိုက်ဆိုင် ၂၄ နှစ် (ဘ)ဦးစိုင်းခမ်းပါ မိုင်းပျဉ်းမြို့နယ်နေသူ နှင့် စိုင်းညွှန့် ၂၁ နှစ် (ဘ) ဦးကျော်အောင် မိုင်းပျဉ်းမြို့နယ်နေသူတို့ နှစ်ဦးကို ဆိုင်ကယ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိစိတ်ကြွရူးသွပ်ဆေးပြားများကို မိုင်းပျဉ်းမြို့နယ်မှ မြန်မာ-ထိုင်းနယ်စပ်၊ တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

❍ *ကျောဖုံးမှ*

အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ကစားပြီး ပရိသတ် ၆၀၀၀၀ ကျော်လာရောက်ကြည့်ရှုခဲ့သည့် အဆိုပါ ပွဲစဉ်တွင် အာဆင်နယ်အသင်းက ပွဲကစားချိန် ၅၅ မိနစ်အတွင်း မဘင်နယ်လီ၊ ဟာဗက်ဇ်တို့၏ သွင်းဂိုးများဖြင့် နှစ်ဂိုးပြတ် ဦးဆောင်နိုင်ခဲ့သည်။ အာဆင်နယ်အသင်းသည် နောက်ပိုင်းပွဲချိန်များတွင် ကစားအား ကျဆင်းလာပြီး ချေပဂိုးနှစ်ဂိုး ပြန်လည်ခွင်ပြုပေးခဲ့ရသည်။ အက်စ်တွန်ဗီလာအသင်းအတွက် ချေပဂိုးများကို ပွဲကစားချိန် မိနစ် ၆၀ နှင့် ၆၈ မိနစ်တွင် တိုင်လီမန်းစ်နှင့် ဝတ်ကင်စ်တို့က သွင်းယူပေးခဲ့သည်။

ပွဲကစားချိန် ပြည့်ခါနီးတွင် အာဆင်နယ်အသင်းမှ တိုက်စစ်ကစားသမား ဟာဗက်ဇ်က အနိုင်သေချာစေမည့် တတိယဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗီအေအာရ်ပြန်လည်ကြည့်ရှု စစ်ဆေးပြီး နောက် ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ လာမည့်ပွဲစဉ်အဖြစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အာဆင်နယ်အသင်းက ခရိုအေးရှားကလပ် ဒိုင်နမိုဇာဂရက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြိုင်ဘက် အက်စ်တွန်ဗီလာအသင်းကလည်း ပြင်သစ်ကလပ် မိုနာကိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အောင်ဇော်

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ကျိုက်လတ်မြို့နယ် သပြုဆိပ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဧန်နဝါရီ ၁၉

ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် သပြုဆိပ်ကျေးရွာသို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများကသောင်းသောင်း ဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ကျိုက်လတ်မြို့နယ် သပြုဆိပ်ကျေးရွာ ညောင်ချောင်း ဘုန်းကြီးကျောင်းရှိ ရတနာသုခမွေဗိမာန်တော်၌ အခြေပြု၍ အဆိုပါမြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၁၇ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကု ဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၁၁ ဦး၊ ခွဲစိတ်ရောဂါ ၁၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၉ ဦး၊ ကလေးရောဂါ ၃၁ ဦး၊ အရိုးရောဂါ ၈၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၈ ဦး၊ မျက်စိရောဂါ ၇၇ ဦး၊ သွားရောဂါ ၄၀ တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ခြောက်ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ခုနစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် လူနာလေးဦးတို့ကို နှိုးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထို့ပြင် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်) ပေါ်၌ ဧန်နဝါရီ ၁၈ ရက် ည ၈ နာရီ ၆ မိနစ်ခန့်တွင် မအူပင်မြို့နယ် အလန်းကြီးကျေးရွာနေ ဦးဝင်းထွန်းနိုင်၏နီးဖြစ်သူ ဒေါ်မြတ်သူအောင်အား ခုနစ်ပေါင်ခုနစ်အောင်စရှိမိန်းကလေးတစ်ဦးအား အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေး ကောင်းမွန်လျက်ရှိသည်။ အဆိုပါ ကလေးငယ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ပေးအပ်သည့် ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်ခဲ့သည်။

အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်အတွင်း ဒုတိယအကြိမ် မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)၏ သမိုင်းမှတ်တမ်းတွင် အယောက် ၃၀ မြောက်အဖြစ် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည်–

၁။ လာရောက် ဆေးကုသမှု ခံယူတာက ချောင်းဆိုး၊ ရင်ကျပ်၊ ဆီးရောဂါတွေဖြစ်ပါတယ်။ အခုလို လာရောက်ကုသပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်။ အေးအေးဆေးဆေးလည်း ကုလို့ရတယ်။ ကိုယ့်ရဲ့ဖြစ်ရပ်ကိုလည်း အေးအေးဆေးဆေး ပွင့်ပွင့်လင်းလင်းနဲ့ တစ်ယောက်နဲ့ တစ်ယောက် ပြောလို့ရတယ်။ အထူးပဲ ကျေးဇူးတင်တယ်။ ကျေးဇူးတင်တယ်ဆိုတာ ကျွန်တော်တစ်ယောက်တည်းအတွက် မဟုတ်ပါဘူး။ အများပြည်သူ အတွက်ပါ။ ကြံတုန်းလေးမှာ အခုလို ပြခွင့်ရတဲ့အတွက်လည်း ကျေးဇူးတင်တယ်။ ဆေးကုသပေးတဲ့ တာဝန်ရှိလူကြီးမင်းများ အားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။

၂။ နယ်လှည့်ဆေးကုသရေး အဖွဲ့လာရောက်တဲ့အတွက်ဒေသခံပြည်သူတွေအနေနဲ့ ပျော်နေပါတယ်။ လာရောက်တဲ့ အရာရှိ၊ အရာခံတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဆေးကုသရန်ခက်ခဲတဲ့ နေရာတွေမှာ ဒီလိုစီစဉ်ဆောင်ရွက်ပေးတဲ့ လူကြီးမင်းများကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။ ကျေးလက်နေပြည်သူတွေ အခုဆိုရင် ကူးစက်တတ်တဲ့ရောဂါတွေ၊ မကူးစက်တဲ့ရောဂါတွေ၊ ဖြစ်နေတဲ့ရောဂါတွေကို အခုလို လာရောက်ပြီး ကုသပေးတဲ့ အတွက် ပျော်ရွှင်နေကြပါတယ်။ တချို့ဆိုရင် ဆေးရုံ၊ ဆေးခန်း မသွားနိုင်ကြဘူး။ မသွားနိုင်တော့ ဒီလိုတာဝန်ရှိသူတွေက လာရောက် ကုသပေးတဲ့အတွက် ကျေးဇူးလည်း အထူးတင်ပါတယ်။ နောက်အခါတွေမှာလည်း ဒီလို မျိုးလာရောက်ကုသပေးဖို့ ဒေသခံပြည်သူတွေ မျှော်လင့်နေကြပါတယ်။ ဒီလိုလာရောက်ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နိဂုံးတော် အကြီးအကဲတွေကိုလည်း ကျေးဇူးတင်ပါတယ်လို့ ဒီနေရာမှာ ပြောချင်ပါတယ်။

သတင်းစဉ်

နယ်လှည့်ကွင်းဆင်းဆေးကုသခြင်းအစီအစဉ်ဖြင့် ထန်းတပင်မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာနေပြည်သူ ၄၅၀ ကျော်တို့ကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးနိုင်ခဲ့

ရန်ကုန် ဧန်နဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာန လှိုင်သာယာ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် နယ်လှည့်ကွင်းဆင်း ဆေးကုသခြင်းအစီအစဉ်ဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဧန်နဝါရီ ၁၆ ရက်က မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာနေပြည်သူ ၄၅၀ ကျော်တို့ကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

နယ်လှည့်ကွင်းဆင်း ဆေးကုသပေးရာတွင် လှိုင်သာယာ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့်အထူးကုဆရာဝန်ကြီးများအဖွဲ့သည် သားဖွားမီးယပ်ရောဂါလာရောက်ပြသသူ ၇၁ ဦး၊ အရိုး ရောဂါလာရောက်ပြသသူ ၄၁ ဦး၊ သွားနှင့် ခံတွင်းရောဂါ လာရောက်ပြသသူ ၂၀၊ မျက်စိရောဂါလာရောက်ပြသသူ ၁၆၇ ဦး၊ ခွဲစိတ်အထူးကု လာရောက်ပြသသူ ၂၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါပြသသူ ၂၇ ဦး၊ အရေပြားရောဂါပြသသူ ၃၇ ဦး၊ စိတ်ကျန်းမာရေးရောဂါ ပြသသူ တစ်ဦး၊ ကလေးအထူးကု လာရောက်ပြသသူ ၁၆ ဦးနှင့် အထွေထွေရောဂါ အထူးကု လာရောက်ပြသသူ ၁၁၁ ဦး စုစုပေါင်း လာရောက်ပြသသူ ၄၅၁ ဦးတို့ကို လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြသလို မျက်စိရောဂါ ဝေဒနာရှင် ၈၀ တို့ကိုလည်း “မမြင်၍ မလင်းသူမရှိစေရ” အစီအစဉ်ဖြင့် မျက်မှန် တပ်ဆင်ပေးနိုင်ခဲ့ပြီး မျက်စိရောဂါဝေဒနာရှင် ခုနစ်ဦးတို့အား ရန်ကုန်မျက်စိဆေးရုံကြီး၌ လိုအပ်သောကုသမှုများကို ဆက်လက် ဆောင်ရွက်နိုင်ရန် အတွက် ပို့ဆောင်စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

နယ်လှည့်ကွင်းဆင်း ကုသ ဆောင်ရွက်ပေးရာသို့ ရန်ကုန်တိုင်း ဒေသကြီးကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နန္ဒဝင်းနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုခဲ့ကြပြီး လူနာများနှင့်တွေ့ဆုံကာ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆက်လက် ဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေးခဲ့သလို ဆေးကုသမှုများ အဆင်ပြေစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကုသရေးဌာနမှူး ဒေါက်တာသန့်ဇင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်
(ထန်းတပင်)

ဘယ်သူပြိုင်လို့ ကယ်ပါတော့နိုင်

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

ယနေ့စာနယ်ဇင်းလောကတွင် မြန်မာစာ၊ မြန်မာစကားအသုံးအနှုန်းများနှင့်ပတ်သက်၍ အလွန်ပင်လွဲမှားနေကြသည်များကို နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသောအခါ ရှေ့ရေးအတွက် ရင်လေးနေမိပါသည်။

ကျွန်တော် အမှတ်တရရှိနေခဲ့ပါသည်။ ၂၉-၁၀-၂၀၁၆ ရက်နေ့ မွန်းလွဲ ၁ နာရီက စာပေဗိမာန်ခန်းမ၌ ကျင်းပခဲ့သော မြန်မာနိုင်ငံ မြန်မာစာပေချစ်မြတ်နိုးသူများအသင်း တတိယအကြိမ်နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကြီးတွင် အသင်းဥက္ကဋ္ဌ ဆရာကြီး ဂုဏ်ထူးဦးသိန်းနိုင်က မြန်မာစာပေအခြေအနေ နိမ့်ကျပျက်စီး၊ အောက်တန်းရောက်လာမှုနှင့် ပတ်သက်၍ **“ဘယ်သူပြိုင်လို့ လှပါတော့နိုင် စကားအစား၊ ဘယ်သူပြိုင်လို့ ကယ်ပါတော့နိုင်လို့ပဲ၊ ရင်ထုမနာ မချိဝေနာနဲ့ ကြေညာလိုက်ချင်ကြောင်း”** မြန်မာစာပေအတွက် ရတက်မအေး နောင်ရေးတွေးကာ ဝမ်းနည်းကြောကွဲခံပြင်းလွန်းစွာ လှုံ့ဆော်ပြောကြားသွားခဲ့ရာ မြန်မာစာပေချစ်သူများ၏ နှလုံးသားကို တုန်လှုပ်ချောက်ချား၊ အသိသတိရသွားစေခဲ့ပါသည်။

ယနေ့ ဗေဒင်ဘွတ်၊ အင်တာနက်များတွင် ရေးသားပြောဆို သုံးနှုန်းနေကြသော မြန်မာစာပေ၊ မြန်မာစကားများသည် မြန်မာလူမျိုးများမှ ဟုတ်ပါလေစဟု ဒွိဟသံသယဖြစ်ဖွယ်များက မှိုလိုပေါက်နေကြလေရာ မြန်မာစာပေ၊ မြန်မာစကား၊ မြန်မာဝေါဟာရများ ကြာလျှင်ပျောက်ကွယ်သွားမည်ကိုပင် စိုးကြောက်နေကြရသည့် အခြေအနေသို့ ကျရောက်နေလေပြီ။

ဝေါဟာရများ သတ်မှတ်ထား

စာနယ်ဇင်းများတွင် **“ကျောင်းတစ်ခု၊ ဈေးတစ်ခု”** ဟု ရေးသားနေကြပါသည်။ မြန်မာစာပေ၊ မြန်မာစကားမှာ ဝေါဟာရကြွယ်ဝလွန်းလှပါသည်။ နေရာဒေသ၊ ပုဂ္ဂိုလ်၊ သက်ရှိသက်မဲ့အမျိုးအစား၊ အဆင့်အတန်းအလိုက် သုံးနှုန်းရမည့် ဝေါဟာရများကို သတ်မှတ်ထားပါသည်။ **“ကျောင်းတစ်ခု၊ ဈေးတစ်ခု”** အစား **“ကျောင်းတစ်ကျောင်း၊ ဈေးတစ်ဈေး”** ဟုသာ သုံးနှုန်းသင့်ပါသည်။

ဘုန်းတော်ကြီးတစ်ပါး၊ လူတစ်ယောက်၊ ခွေးတစ်ကောင်၊ ကားတစ်စီး၊ လေ့တစ်စင်း စသည်ဖြင့် ထိုက်သင့်သလို အသုံးပြုကြရမည်ကို နှားလည်ထားကြပါသည်။ ကျောင်းတစ်ခု၊ ဈေးတစ်ခုဟု လက်လွတ်စပယ် ခပ်လွယ်လွယ် သုံးနှုန်းနေကြသူများသည် မြန်မာစာပေ၊ မြန်မာစကားများကို အလေးမထားကြသူများသာ ဖြစ်ကြပေလိမ့်မည်။

အင်္ဂလိပ်စကား **“Yes”**၊ **“No”** သာရှိသော်လည်း မြန်မာစကားတွင် ဝေါဟာရများစွာ ရှိပါသည်။ အင်္ဂလိပ်စကား **“Die”**၊ **“Dead”** နေသက်ဆုံးဖြေစ်ဘွတ်စကား R.I.P (Rest In Peace)ဟူ၍ သေဆုံးခြင်းဝေါဟာရသာ ရှိပါသည်။ မြန်မာစာပေ၊ မြန်မာစကားတွင် **‘သေဆုံး’**၊ **‘ကွယ်လွန်’**၊ **‘အနိစ္စရောက်’**၊ **‘ဘဝတစ်ပါးသို့ပြောင်း’**၊ **‘မပြန်လမ်းသို့စံမြန်း’**၊ **‘မိသားစုကို မျက်ကွယ်ပြုသွား’**၊ **‘ကံကုန်’**၊ **‘ပျံလွန်တော်မူ’**၊ **‘နတ်ရွာစံ’**၊ **‘ပရိနိဗ္ဗာန်ပြုသွား’** ဟူသော ဝေါဟာရများစွာ ရှိပါသည်။

ယနေ့ လူပြောများ ခေတ်စားနေသော **‘အရမ်း’** ဟူသောစကားသည် ကျင့်ဘာရုံစကားမဟုတ်ဘဲ အနိဋ္ဌာရုံစကားဖြစ်နေသည်ကို အသိနည်းနေကြသည်မှာ မြန်မာလူမျိုးတစ်ယောကိုအနေဖြင့် ရင်နာစရာကောင်းလှပါသည်။

ကြော်ငြာတစ်ခုတွင် **“အရမ်း...အရမ်း...အရမ်းကို ကောင်းတာပါပဲရှင်”** ဟု ပြောဆိုကြေညာခဲ့သည်ကို မြန်မာစာပေ၊ မြန်မာစကား လုံးဝနားမလည်ကြသူများက အဟုတ်ကြီးထင်ပြီး လိုက်ပါရေရွတ်ပြောဆိုကြရင်းက လူအများ၏ ပါးစပ်ဖျားတွင် **“အရမ်း”** ဟူသော စကားသည် ရေပန်းစား အပြောများလာခဲ့ကြပါသည်။

မြန်မာအဘိဓာန်တွင် **“အရမ်း”** ဆိုသည်မှာ **“မစဉ်းစားမဆင်ခြင်ဘဲ၊ စဉ်းမဲ့ပြုလုပ်မှု၊ လွန်ကဲစွာ ပိုလွန်စွာပြုမူမှု၊ ‘အရမ်းမဲ့’ အဆင်အခြင်ကင်းမဲ့စွာ ပြုမူမှု”** ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ရာဇဝတ်မှု၊ ပြစ်မှုများတွင် **“အရမ်း”** ဟူသည်မှာ **“မဆင်မခြင်၊ ဖော်ပြပေးကြစေချင်ပါသည်။**

ထွက်ခွာရာကို ညွှန်းဆိုသော **“က”** နှင့် **“မှ”**ကို လည်း ခွဲခြားနားလည်မှုမရှိကြတော့ပေ။ **“က”**က နှုတ်ပြောစကားအရရော၊ အရေးတွင် သုံးနိုင်သည်။ **“မှ”**ကို အရေးတွင်သာ သုံးနိုင်သည်။ **“ဥက္ကဋ္ဌကြီးက”** အစား **“ဥက္ကဋ္ဌကြီးမှ”**ဟု အပြောမှား၊ အရေးမှားနေကြပါသည်။ အပြုခံရသူ **“ကို”**နှင့် လက်ခံသူ **“အား”**၊ **“နှင့်၊ ဖြင့်၊ ပဲ၊ ဘဲ၊ ဖီ၊ ဗျီ၊ ဖူး၊ ဘူး၊ ကာ၊ ခါ၊ ဝိုက်၍ မောက်၍”** စသည့်အမှားများသော ရေးသားနေမှုများ၊ **“အခန်းကို အခမ်း၊ မျိုချက် မြိုချ၊ သမက်ကို သားမက်၊ အခမ်းအနားကို အခန်းအနား၊**

❖ မြန်မာစာကို ကောင်းမွန်စွာ ရေးတတ်ဖတ်တတ်ရေးတွင် အခြေခံမကျိုင်ကြီး လေးရပ်ရှိပါသည်။ အခြေခံမကျိုင်ကြီးလေးရပ်မှာ (၁) သဒ္ဒါ၊ (၂) အဘိဓာန်၊ (၃) ဆန်းနှင့် (၄)အလင်္ကာဟူ၍ ဖြစ်သည်။ “သဒ္ဒါ” ဟူသည်မှာ ဝါကျတည်ဆောက်ရာ၌ ကတ္တား၊ ကံ၊ ကြိယာ၊ နာမဝိသေသန၊ ကြိယာဝိသေသန အထားအသိုမှန်ကန်ရေးအတွက် လိုက်နာရမည့် စည်းကမ်းဖြစ်သည်။ “အဘိဓာန်” ဟူသည်မှာ ဝေါဟာရစာလုံး၏ အဓိပ္ပာယ်ကို ပင်မအရင်းအမြစ်မှအစပြု၍ သိနားလည်သဘောပေါက်စေရန်အတွက် ဖြစ်သည်။ “ဆန်း”ဟူသည်မှာ ကဗျာ၊ အလင်္ကာ၊ တေးထပ်၊ ရတု၊ ရကန်၊ မော်ကွန်း၊ အိုင်ချင်း စသည်များ ရေးသားရန်အတွက် ဖြစ်သည်။ “အလင်္ကာ” ဟူသည်မှာ ဂုဏ်ရသမြောက်အောင် သီကုံးဖွဲ့နွဲ့ရေးသားရန် ဖြစ်သည်

ပရမ်းပတာ၊ စည်းကမ်းမဲ့စွာပြုလုပ်မှု၊ ဆင်ကန်းတောတိုး ဆိုးသွမ်းရမ်းကားမှုများ”ကို သတ်မှတ်ညွှန်းဆိုထားခြင်းဖြစ်သည်။

“အရမ်းလှတယ်” နှင့် **“အလွန်လှတယ်၊ တော်တော်လှတယ်”**ဟူသော စကား၏အဓိပ္ပာယ်မှာ လွန်စွာခြားနားနေပါသည်။ **“အရမ်းလှတယ်”** ဟူသောစကားက စည်းမဲ့ကမ်းမဲ့ ပရမ်းပတာအလှ၊ မောင်နှင့်နမ၊ သားနှင့်အမိကြည့်လို့မှ မသင့်တော်သော ဝတ်စားဆင်ယင်မှုမျိုးဖြင့် ရိုင်းစိုင်းနေမှုကို ခေါ်ဆိုကြရမည့် အသုံးအနှုန်းဖြစ်သည်။ **“အလွန်လှတယ်၊ တော်တော်လှတယ်”** ဟူသောစကားက မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ထားသော ဣန္ဒြေရှိသူများကို ခေါ်ဆိုကြရမည့် အသုံးအနှုန်းဖြစ်သည်။

“စ”နှင့် “ဆ”ကို ခွဲခြားနားမလည်

“စ”နှင့် **“ဆ”**ကို ခွဲခြားနားမလည်သူများက လည်း ဒုနဲ့ဒေး ဖြစ်နေကြပါသည်။ **“စဲ”**နှင့် **“ဆဲ”** မတူပါ။ **“ရပ်စဲ”**၊ **“ဆောင်ရွက်ဆဲ”**၊ **“ဆုံစည်း”** နှင့် **“ဆုံဆည်း”**၊ **“ဆွဲဆောင်”** နှင့် **“စွဲဆောင်”**၊ **“ကိုင်စွဲ”** နှင့် **“ကိုင်ဆွဲ”** အရေးအသားအသုံးအနှုန်းများ လွဲမှားနေကြပါသည်။ အမှန်မှာ **“ဆုံစည်း”**၊ **“ဆွဲဆောင်”**၊ **“ကိုင်စွဲ”**၊ **“စွဲကိုင်”** ဖြစ်ပါသည်။

“အဆောက်အဦ”နှင့် **“အဆောက်အအုံ”** မတူပါ။ နေ့အိမ်၊ တိုက်တာများကို **“အဆောက်အအုံ”**ဟု ခေါ်ပြီး အသုံးအဆောင်ပစ္စည်းကို **“အဆောက်အဦ”** ဟု ခေါ်ပါသည်။ စာနယ်ဇင်းများတွင် ကျောင်း၊ ဆေးရုံ၊ အဆောက်အဦဖွင့်ပွဲဟူ၍ လွဲမှားစွာ သုံးစွဲနေကြပါသည်။ ယနေ့မြင်တွေ့နေကြရသော အမှားများ ဖြစ်ကြပါသည်။ ဗဟုသုတရအောင် ရေးသားခန်းခြောက်ကို ခမ်းခြောက်၊ စွဲလမ်းကို စွဲလန်း၊ ခုတင်ကို ကုတင်၊ ဖြည်းဖြည်းကို ဖြေးဖြေး၊ ယောက်မကို ယောင်မ၊ နာကျင်ကို နာကြင်၊ ကြင်နာကို ကျင်နာ” စသည်ဖြင့် နေ့စဉ် မှားယွင်းစွာ ရေးသားပြောဆိုနေကြပါသည်။

အင်္ဂလိပ်စာလုံးတစ်လုံး လွဲမှားသွားလျှင် အဓိပ္ပာယ်လွဲမှားသွားတတ်သည်ကို စိုးရိမ်ကြောက်လန့်စွာ သိသိသာသာ ပြောဆိုရေးသားသတိပေးနေကြသော်လည်း မြန်မာစာလုံးတစ်လုံး လွဲမှားသွားလျှင် အရေးကြီးသည့်သဘောမျိုး၊ မသိမသာမျက်နှာလွဲနေကြသည်ကိုတော့ ခံပြင်းစရာ ကောင်းလှပါသည်။ **“လူပျက်နှင့် လူပြက်၊ ဒုစရိုက်နှင့် သုစရိုက်၊ ပျက်စီးနှင့် ဖျက်ဆီး”** အဓိပ္ပာယ်မတူညီပေ။ အဓိပ္ပာယ်မတူညီကြသော ကြောင့် အယူအဆလွဲမှားသွားကြလေ့ရှိပါသည်။ လွဲမှားစွာသုံးစွဲမိပါက ဒုက္ခရောက်ရုံပုံကို **“သားရွှေဆုံးမစာ”**တွင် သတိပေးထားပါသည်။

“နေပြည်သာလှ၊ ရွှေအင်းဝ၌၊ သုတမကျွမ်း၊ မသိစွမ်း၍၊ ငွေကြေးပိသာ၊ ဆက်ဘဏ္ဍာဝယ်၊ သိသာစေချင်၊ ကွင်းကွင်းထင်အောင်၊ လိပ်လျှင်ထိုးရာ၊ ထိုသည့်စာ၌၊ ‘က’မှာပင်၍၊ မသင့်မနေ၊ ‘နဲ’သတ်ချေသော်၊ ငါငွေတော်ကျန်၊ ပိသာမှန်လျှင်၊ ရာရန်ရှိသေး၊ ယခုပေးဟု၊ မနေးဆာပူ၊ တောင်းတော်မူ၏”

တောင်ငူရွှေနန်းရှင် ထိပ်တင်ဘုရား ခမည်းတော် သီရိမဟာသီဟသူရဓမ္မရာဇာ အမည်ရှိသော မာရ်အောင်ရတနာ ဒါယကာမင်းတရားကြီး လက်ထက်တွင် အမတ်တစ်ယောက်က ငွေကြေးကို မသတ်၍ အရစ်မရေးဘဲ နသတ်ချေသောကြောင့် **“နှင်ဆီမှာ ငါးငွေတော် တစ်ပိသာ ကျန်သေးသည်”** ဟု တောင်းဆိုတော်မူခဲ့သည်။

ထိုပြင် သာလွန်မင်းကြီးလက်ထက်တွင် **“မြို့ဝန်”** ကို နသတ်မရေးဘဲ သေးသေးတင်၍ **“မြို့ဝံ”**ဟု ရေးမိသောကြောင့် တောဝံဟုဆိုကာ မြိုင်ရပ်သို့ နှင်ပြီး ရာဇဝတ်ပြစ်ဒဏ်ပေးခဲ့ဖူးပါသည်။ သားရွှေဆုံးမစာပါ ပြစ်ဒဏ်အရသာ ယနေ့ခေတ်တွင် ခေတ်ကာလနှင့်အညီ ပြစ်ဒဏ်ပေးမည်ဆိုပါက ပြစ်ဒဏ်ကျခံရမည့်သူပေါင်း မြောက်မြားစွာ ပေါ်ထွက်လာမည်မှာမလွဲပေ။

နိုင်ငံခြားစာပေများတွင် ၎င်းတို့လူမျိုးအလိုက် သူ့စကား၊ သူ့စာ၊ သူ့ထုံးရိုးနေသကဲ့သို့ မြန်မာလူမျိုးများအနေဖြင့်လည်း မြန်မာစကား၊ မြန်မာစာ၊ မြန်မာစာရေးထုံး ရှိနေသည်ကို မြန်မာလူမျိုးတိုင်း သတိပြုကြစေချင်ပါသည်။

“စာရေးဆရာကြီး မောင်ထင်” က **“စာရေးရာတွင် ဝေါဟာရသည် အခရာဖြစ်၏။ ဝေါဟာရအကြောင်းမသိဘဲ၊ အရမ်းကာရော ခိုင်းစေသည် ရှိသော် စေခိုင်းခြင်းခံရသူဝေါဟာရသည် စေခိုင်းသူကို ဒီဆန်လာမည်ဖြစ်သည်။ ထိုအခါမျိုးဒဏ် မုန့်ပျားသလက်အကြောင်း ရေးနေသော်လည်း မုန်လာဥဖြစ်ချင်ဖြစ်သွားနိုင်သည်”** ဟု လမ်းညွှန်ခဲ့ပါသည်။

အခြေခံမကျိုင်ကြီးလေးရပ်

ရေးထုံးနှင့် ဝေါဟာရမှန်ပါမှ ဝါကျလည်းမှန် စာလည်းချောပါမည်။ မြန်မာစာကို ကောင်းမွန်စွာ ရေးတတ် ဖတ်တတ်ရေးတွင် အခြေခံမကျိုင်ကြီး လေးရပ်ရှိပါသည်။ အခြေခံမကျိုင်ကြီး လေးရပ်မှာ (၁) သဒ္ဒါ၊ (၂) အဘိဓာန်၊ (၃) ဆန်းနှင့် (၄)အလင်္ကာ ဟူ၍ဖြစ်သည်။ **“သဒ္ဒါ”** ဟူသည်မှာ ဝါကျတည်ဆောက်ရာ၌ ကတ္တား၊ ကံ၊ ကြိယာ၊ နာမဝိသေသန၊ ကြိယာဝိသေသန အထားအသို မှန်ကန်ရေးအတွက် လိုက်နာရမည့် စည်းကမ်းဖြစ်သည်။ **“အဘိဓာန်”** ဟူသည်မှာ ဝေါဟာရစာလုံး၏ အဓိပ္ပာယ်ကို ပင်မအရင်းအမြစ်မှအစပြု၍ သိနားလည်သဘောပေါက်စေရန်အတွက် ဖြစ်သည်။ **“ဆန်း”**ဟူသည်မှာ ကဗျာ၊ အလင်္ကာ၊ တေးထပ်၊ ရတု၊ ရကန်၊ မော်ကွန်း၊ အိုင်ချင်း စသည်များ ရေးသားရန်အတွက်ဖြစ်သည်။ **“အလင်္ကာ”** ဟူသည်မှာ ဂုဏ်ရသမြောက်အောင် သီကုံးဖွဲ့နွဲ့ရေးသားရန် ဖြစ်သည်။

အဆိုပါ မကျိုင်ကြီးလေးရပ်ထဲတွင် **“သဒ္ဒါ”** နှင့် **“အဘိဓာန်”**သည် အရေးပါဆုံးဖြစ်သည်။ အကြောင်းမှာမူ သဒ္ဒါမတတ်ဘဲ၊ အဘိဓာန်ကို နားမလည်ဘဲ မြန်မာစာကို ရေးသားနေကြပါက ထော်လော်ကန့်လန့်၊ ခိုးလိုးခုလု၊ အဖုအထစ်ဗရပျစ်စာပဲ ဖြစ်နေကြပေလိမ့်မည်။ (ဥပမာ) ကျောင်းတစ်ခု၊ ဈေးတစ်ခု၊ ကားတစ်ခု၊ နွားတစ်ခု အရေးအသားမျိုး ဖြစ်သည်။

ထိုအမှားထက် ပို၍များသည့်ဖြစ်ရပ်က သတ်ပုံအမှားပင်ဖြစ်သည်။ သတ်ပုံအမှားနှင့် ပတ်သက်၍ ခေတ်အဆက်ဆက်ကစပြီး အငြင်းပွားခဲ့ကြသည်။ အထူးသဖြင့် ပုဂံခေတ်တွင် ရာဇကုမာရလင်္ကာထက်ဝှံ့ စတင်ခဲ့သော စာပေရေးထုံးတိုက်ပွဲသည် ကျစွာမင်းကြီးလက်ထက်တွင် ပိုမိုပြင်းထန်ခဲ့သည်။ ဘုရားရှိခိုး နမောဗုဒ္ဓါယနှင့် နမောဗုဒ္ဓဿရေးထုံးကို အငြင်းပြု၍ အငြင်းအခုံ ပြဿနာဖြစ်ပွားခဲ့ကြရာ ယနေ့တိုင်အောင် ပုဂံကျောက်စာများ၌ ရေးထုံးကွဲပြားနေဆဲပင်ဖြစ်သည်။

စာမျက်နှာ ၁၁ သို့

ကရင်ပြည်နယ်ဝန်ကြီးချုပ် စာအောင်သံဃာတော်၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား စူဠဥဇ္ဈနိုင်း

ဘားအံ ဧန်နဝါရီ ၁၉

သာသနာတော် နေလပမာ အခွန့်ရှည်ကြာစွာ စည်ပင်ပြန့်ပွားထွန်းလင်း၍ ပရိယတ္တိ၊ ပဋိပတ္တိ ခူရန္စစ်ဖြာနှင့် ပြည့်စုံသော ရဟန်း၊ သာမဏေ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရေး ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော စူဠဥဇ္ဈနိုင်းသဘင် အခမ်းအနားကို ဧန်နဝါရီ ၁၈ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒစရိယ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ် ဆရာတော် မဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇာနန္ဒ၊ နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင် ဓမောရာမ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ဂန္ဓဝါစက ပဏ္ဍိတ ဘဒ္ဒန္တသောပါက အမှူးပြုသော အထူးပင့် သံဃာတော်များနှင့် စာအောင်သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ကြွရောက်ကြသည်။ ဦးစွာ နိုင်ငံတော်ဩဝါဒစရိယ နောင်လုံဌာန်ပတိုင် ကျောင်းဆရာတော် မဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိဇ္ဇာနန္ဒထံမှ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွှန့်လင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက အထူးပင့်သံဃာတော် အရှင်သုမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ စာအောင်သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား အောင်လက်မှတ်နှင့် စာအောင်ဆု အလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအဝေးတွက် အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။ ဆက်လက်၍ သာမဏေများနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြသည်။

ယနေ့ ကျင်းပသည့် စူဠဥဇ္ဈနိုင်းသဘင်အခမ်းအနား၌ ၂၀၂၄ ခုနှစ်တွင် ဖြေဆိုကြသည့် ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ အခြေပြုမူလတန်း၊ အဘိဓမ္မာရိုးရိုးနှင့် ယဉ်ကျေးမှုစာမေးပွဲများတွင် အောင်မြင်တော်မူကြသော စာအောင်ရဟန်း၊ သံဃာ၊ သာမဏေ၊ သီလရှင် ၃၁၃ ပါးနှင့် လူပုဂ္ဂိုလ် ခုနှစ်ဦးတို့အား စာအောင်ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဝါးခယ်မနှင့် ဗျာပုံမြို့နယ်တို့အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများကြည့်ရှု

ပုသိမ် ဧန်နဝါရီ ၁၉

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ဧန်နဝါရီ ၁၈ ရက်က ဝါးခယ်မမြို့နယ်ရှိ ဆီထွက်သီးနှံ(နေကြာ) စံပြစိုက်ခင်းနှင့် ဗျာပုံမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝါးခယ်မမြို့နယ် ကြာဖြူကျေးရွာရှိ ဆီထွက်သီးနှံ(နေကြာ) (Super Sun 42) စံပြကွက် ၁၀ ဧကတွင် အပင်ကြီးထွားနှုန်းနှင့် ဝတ်မှုန်ကူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကာ ပိုးမွှားအန္တရာယ် မကျရောက်စေရေး၊ ဝတ်မှုန်ကူးခြင်းများ အတွက် ပျားပုံများထားရှိမှု၊ ရေ၊ မြေဩဇာ အချိန်ကိုက် ထည့်သွင်း အသုံးပြုနိုင်ရေးနှင့် အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန် မှာကြားသည်။

ဆက်လက်၍ ဗျာပုံမြို့နယ် အောက္ကဘာကျေးရွာ ကြည့်ရှုင်း ရိုးမြောင်းနှင့် ရိုးမြောင်းဘေးရှိ စိုက်ခင်းများ၊ ဆီထွက်သီးနှံ (နေကြာ) (Super Sun 41) စံပြကွက် ၁၀ ဧကနှင့် တာပေါင်များတွင် သီးနှံများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးကာ စိုက်ဧကများ ပြည့်မီအောင် စိုက်ပျိုးရေးနှင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဗျာပုံမြို့နယ် ကြက်ဖမွေးစောင်း ကျွန်းပတ်တာ အောင်ချမ်းသာ ရေသွင်းတံခါး တည်ဆောက် ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု နှင့် တင်လဲ့ချောင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် တာဝန်ရှိသူတစ်ဦးက ရေသွင်း တံခါး တည်ဆောက်ခြင်းလုပ်ငန်း နှင့် တင်လဲ့ချောင်း တူးဖော်ခြင်း ကြောင့် ဒုတိယသီးနှံ ဂုဝ၅ ဧက အကျိုးပြုနိုင်မှု အခြေအနေများ နှင့် ရေထုတ်တံခါးများကို ရေထိန်းတံခါးများအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်မည့် အစီအစဉ်များနှင့် ယခုနှစ်တွင် ကြက်ဖမွေးစောင်း ကျွန်းပတ်တာ အတွင်း နွေစပါးစိုက်ဧက ၄၀၀၀ ခန့် တိုးတက်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အကျိုးပြု စိုက်ပျိုးမြေ ၁၇၅ ဧက၊ အရည် ပေ ၁၁၀၀၀ ရှိ ကြက်ဖမွေးစောင်းကျွန်းပတ်တာဘေး မြောင်း(ကြက်ဖ) တူးဖော်နေမှု၊ အဆိုပါမြောင်းဘေးရှိ ရောင်ခြည် သမ္မာသင်းက ဆောင်ရွက်သည့် ဆိုလာရေတင်စနစ်ဖြင့် နွေစပါး စိုက်ပျိုးနေမှုများနှင့် အဆင့်မြင့် လယ်ယာမြေဧက ၄၀ ဖော်ထုတ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

စာမျက်နှာ ၁၀ မှ

သတ်ပုံသတ်ညွှန်း ရေးထုံးမှန်အတိုင်း ရေးကြစေရေး

ထုံးလည်းရ၊ စံလည်းမီ၊ သက်သေလည်းရှိ၊ သဘောလည်းမိသည့် သတ်ပုံသတ်ညွှန်းရေးထုံးမှန်အတိုင်း ရေးကြစေရေးအတွက် **"ရေးထုံးအစဉ်၊ ပျက်ယွင်းလျှင်၊ အခေါ်သည်၊ အမှတ်အသား၊ ပျက်ယွင်းရာသည်။ အခေါ်သည်၊ အမှတ်အသား ပျက်ယွင်းလျှင်လည်း၊ အနက်အဓိပ္ပာယ် ဝဏ္ဏ တရားကိုယ်၊ ကွဲလွဲဖောက်ပြန်ရသည်။ အနက် အဓိပ္ပာယ် ကွဲလွဲဖောက်ပြန်လျှင်လည်း တရား ကျမ်းဂန် လမ်းမှန်မကျ တိမ်းယိမ်းသွေကွက်ရာ သည်။ တရားကျမ်းဂန် လမ်းမှန်မျက်တိမ်း ယိမ်းသွေ ကွက်လျှင်လည်း သာသနာတော်သုံးပါး အရင်းပင်မ မူလဘူတဖြစ်သော ပရိယတ္တိမှ ကွယ်ပဆုတ်ယုတ် ရာသည်။ ပရိယတ္တိမှ ကွယ်ပဆုတ်ယုတ်လျှင်လည်း၊ သာသနာတော်ကိုဒိုကုန်သော ရဟန်းရှင်လူ ပြည်သူ အပေါင်းတို့ အယူအကျင့် ပျက်ယွင်း၍ ဆင်းရဲကြီးစွာ ရောက်ရာသည်ဖြစ်သည်"**ဟု ကုန်းဘောင်ခေတ် ဘိုးတော်မင်းတရားထုတ်ပြန်သည့် အမိန့်တော် တစ်ရပ်ကို ၁၁၄၇ ခုနှစ်၊ နတ်တော်လဆန်း(၁၃) ရက်နေ့တွင် နာခံတော်ဗေဒျနော်ရထာအား ပြန်ဆို ခဲ့ကြောင်း ဦးသာမြတ်၏ မြန်မာရေးထုံးကျမ်းတွင် ဖော်ပြထားပါသည်။ ဤသည်မှာ ရှေးခေတ်က မြန်မာစာပေအဖေါ်အလေးထားမှု သာဓကတစ်ရပ်ပင် ဖြစ်ပါသည်။

သည်ဘက်ခေတ်တွင် ၂-၁၂-၆၃ ရက်နေ့က မြန်မာစာပေပြုစုရေးနှင့် ဘာသာပြန်ကော်မရှင်ကို ဖွဲ့စည်းပေးပြီး **"အစိုးရရုံးသုံး မြန်မာစာရေးထုံးကျမ်းတစ်စောင်"**ပေါ်ထွက်ရေးကို တွန်းအားပေးခဲ့သည်။ ၂၅-၄-၆၄ ရက်နေ့တွင် အဘိဓာန်နှင့် ရေးထုံးကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် မြန်မာစာပြုစုရေးနှင့် ဘာသာပြန်ကော်မရှင်ကို **"မြန်မာစာကော်မရှင်"**ဟူ၍ ပြန်လည်ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် အဘိဓာန်နှင့် ရေးထုံးကော်မတီက ပြုစုခဲ့သော မြန်မာရေးထုံးကျမ်းကို ပြန်လည်စိစစ်ရန်အတွက် **"မြန်မာစာကော်မရှင် မြန်မာရေးထုံးကျမ်း ပြန်လည် စိစစ်ပြုပြင်ရေးအဖွဲ့"**ကို ဖွဲ့စည်းပေးခဲ့သည်။ ၁၉၇၈ ခုနှစ် ဧန်နဝါရီလ ၁ ရက်နေ့တွင် ယနေ့လက်ရှိ သုံးစွဲနေကြသော စုစုပေါင်းရေးထုံး ၁၁၄၉၆ လုံး ပါဝင်သည့် **"မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း"**ကို မြန်မာစာအဖွဲ့က ထုတ်ဝေဖြန့်ချိခဲ့သည်။ မြန်မာစာအဖွဲ့ကပင် **"မြန်မာစာ၊ မြန်မာစကား"** စာအုပ်ကို ထုတ်ဝေခဲ့ရာ လူကြိုက်များသောကြောင့် ၁၉၉၃ ခုနှစ် အောက်တိုဘာလတွင် တတိယအကြိမ်အဖြစ် စာအုပ်ရေ ၂၀၀၀၀ ရိုက်နှိပ်ထုတ်ဝေခဲ့ရပါသည်။ သတ်ပုံရော၊ အဓိပ္ပာယ်ပါ၊ ပြည့်စုံစွာ ပါဝင်သော **"မြန်မာအဘိဓာန်"**ကို ၁၉၉၁ ခုနှစ်တွင် စတင် ထုတ်ဝေခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ထပ်မံဖြည့်ဆည်းကာ ဒုတိယအကြိမ်အဖြစ် ထုတ်ဝေထားပါသည်။

ရေရှည်အရေးကို အလေးထားကြစေချင်

သို့သော် မြန်မာစာ၊ မြန်မာစကားကို အလေး မထားကြသောကြောင့် အရိုးကိုအရွက်ဖုံးနေလေရာ ရေးထုံးတွေပျောက်၊ အောက်တန်းသို့ ရောက်သွားကြပေလိမ့်မည်။ **"အမှားကြာလျှင် အမှန်ထင်၊ ပြန်ပြင်မရ လူ့လောက"** ဟု **"ဆရာကြီး ဦးသုခ"** ဆိုဆုံးမခဲ့သလို ဖြစ်နေလေရာ **"မြန်မာစာ၊ မြန်မာစကား"**၏ ရေရှည်အရေးကို အလေးထားကြစေချင်ပါသည်။ ရုပ်ရှင်ဗီဒီယိုဇာတ်ကားအချို့၏ နှစ်ခွ တွေးရသော၊ ယုတ်ညံ့ရိုင်းစိုင်းသော ဗန်းစကား များကို မြန်မာစာ မြန်မာစကားချစ်သူတိုင်းက တားဆီးကာကွယ် ပိုင်းပယ်ရှုတ်ချကြစေချင်ပါ သည်။

"မြန်မာစာသည် တို့စာ၊ မြန်မာစကားသည် တို့စကား" ဟူသော ကြွေးကြော်သံကို ပြန်လည် ဖော်ထုတ်ကာ နိမ့်ကျပျက်စီးနေသော၊ အဖျက်ဆီးခံ နေရသော **"မြန်မာစာ၊ မြန်မာစကား"**ကို မြန်မာ တိုင်းက ကယ်တင်စောင့်ရှောက်ကြစေချင်ပါသည်။ ကယ်တင်နိုင်မည့်သူများမှာ မြန်မာစာကို ချစ်ကြ သူများသာ ဖြစ်ကြပါသည်။

သို့ဖြစ်ရာ **"ဆရာကြီး သခင်ကိုယ်တော်မိုင်း"**၏ သြဝါဒကထာ ကဗျာလေးချိုးကြီးထဲမှ ကိုယ့်ဘာသာ ကိုယ့်စာပေကို မချစ်ကြလျှင် နစ်မွန်းရမည့် အကြောင်း၊ အဖေရင်းကိုပစ်ပြီး ပထွေးကို ဖအေ ထင်သော ဥကောင်းကလေးများအကြောင်း လေးချိုး ကြီးပါ သြဝါဒလေးဖြင့် အလွယ်လိုက်သော ငပျင်း များ၊ စာပေလမ်းသရဲ၊ စာပေလမ်းဘီလူးများကို အသိသတိပေး နှိုးဆော်လိုက်ရပါသည်...

"တို့ဗမာမှာ တို့ဘာသာစောင်ကယ်နှင့်
တို့ဘာသာတို့စာ မချစ်လျှင်ဖြင့်
တို့သာလို့နစ်ပေမည့် အမြစ်အနှစ်ရာယ်။
(ဩော်) ဥက္ကျကျကလေးတွေရဲ့
အစစတွေးပါအုံး
အဖနှင့်မွေးရက်ကနှင့်
ဘဒွေးဖအေထင်သို့"

"မြန်မာစစ်လျှင် မြန်မာစာ၊ မြန်မာစကားကို ချစ်ကြပါ၊ စောင့်ရှောက်ကြပါ"

တောင်ကြီးမြို့နယ်၌ မြစိမ်းရောင် ကျောရွာစီမံကိန်း မိတ်ဆက်ရှင်းလင်း

တောင်ကြီး ဧန်နဝါရီ ၁၉

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက သံတဲကျေးရွာအုပ်စု သာသနာပုန်း ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ လုပ်ကိုင်လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် သာသနာပုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(Type- 1) အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စီမံကိန်းနှင့် အကျုံးဝင်သည့် လုပ်ငန်းများတွင် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း မိတ်ဆက်ရှင်းလင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံ နှင့်ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ နှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

JJJ

ကော့မှူးမြို့နယ်၌ ဆန်စပါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စက်များ စနစ်တကျမှတ်ပုံတင်နိုင်ရေး ကွင်းဆင်းစစ်ဆေး

ကော့မှူး ဧန်နဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်းရှိ ဆန်စက်များကို ဆန်စပါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စက်များ စနစ်တကျ မှတ်ပုံတင်နိုင်ရေး တို့ကို ဧန်နဝါရီ ၁၈ ရက် မွန်းလွဲပိုင်းက တောင်ပိုင်းရပ်ကွက် ထမ္မနိုင်ကျေးရွာ၊ ဝါးဘလောက်သောက်ကျေးရွာ၊ သမင်ခြံကျေးရွာ၊ သခွတ်ပင်ကျေးရွာများသို့ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

တွံတေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်နွယ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်ဆန်စက်အသင်း ဥက္ကဋ္ဌ ဦးတင်အောင်တို့က မြို့နယ်အတွင်းရှိ ဆန်စက်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ စပါးသိလှောင်ကြိတ်ခွဲသည့် လုပ်ငန်းများ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး၊ မလိုလားအပ်သော အပာန့်အတားများ ကြန့်ကြာမှုများ မဖြစ်ပေါ်စေရေး၊ ဒေသတစ်ခုသို့ ဆန်စပါးသယ်ယူပို့ဆောင်ရာတွင် ဆန်စပါးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ စီစစ်မှုဖြင့်ဆောင်ရွက်နိုင်ရေး၊ ဆန်စပါးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စက်များ စနစ်တကျ မှတ်ပုံတင်ရေး၊ စပါးသယ်ဆောင်ခွင့်အား ညွှန်ကြားချက်များ အတိုင်း လိုက်နာဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးပြောကြားပြီး ဆန်စက်လုပ်ငန်းရှင်များ၏ မေးမြန်းဆွေးနွေးမှုများကို တာဝန်ရှိသူများက ပြန်လည် ရှင်းလင်း ဆွေးနွေးကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ကန်ကြီးထောင့် ဧန်နဝါရီ ၁၉

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ အသက် ငါးနှစ်အောက်ရှိပြီး ကာကွယ်ဆေးလုံး၀(သို့မဟုတ်) အကြိမ်မပြည့် မရသော ကလေးငယ်များအား Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။(အောက်ပုံ)

ဦးစွာ ညှိနှိုင်းဆွေးနွေးပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မာလွင်က အသက် ငါးနှစ်အောက်ရှိပြီး ကာကွယ်ဆေးလုံး၀ (သို့မဟုတ်) အကြိမ်ပြည့်မရသော ကလေးငယ်များအား တစ်ယောက်မကျန် ကာကွယ်ဆေးအကြိမ်ပြည့်ရရှိရန် ရည်ရွယ်ပြီး ဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားကာ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။ အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များ တက်ရောက်ကြပြီး ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ အသက် ငါးနှစ်အောက် ကလေးငယ်များအား ဧန်နဝါရီ ၂၀ ရက်မှ စတင်၍ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများက ဆေးထိုးစုရပ်များတွင် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

မြို့နယ် (ပြန်/ဆက်)

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၅၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဧန်နဝါရီ ၁၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဧန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၅၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀ - ၁ - ၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၀၈၅	၃၁၉၀	၃၀၇၅	၃၀၉၀	၃၀၉၅	၃၂၁၀	၃၂၃၀	၃၁၄၅	၄၅၈၅	၃၄၄၀	၃၀၆၅	၃၀၆၅	၃၂၄၅	၃၂၀၀	၃၂၂၀	၃၄၈၀	၄၁၀၀
95 Ron	၃၁၄၀	၃၂၅၀	၃၂၂၀	၃၁၅၅	၃၂၆၀	၃၂၇၅	၃၂၉၀	၃၂၂၀	၄၅၆၀	၃၄၀၀	၃၂၂၅	၃၂၄၀	၃၃၀၀	၃၂၆၀	၃၂၈၅	၃၄၅၀	၄၂၅၀
HSD (500 ppm)	၂၂၄၀	၂၄၀၅	၂၈၂၀	၂၂၄၅	၂၈၆၀	၂၈၇၅	၂၈၉၀	၂၈၁၀	-	၃၁၀၅	၂၈၂၅	၂၈၃၀	၂၉၀၀	၂၈၆၅	၂၈၈၅	၃၀၄၅	၃၁၀၀
HSD (50 ppm)	၃၀၆၅	၃၀၇၅	၃၀၄၅	၃၀၇၅	၃၀၈၅	၃၀၉၀	၃၀၇၅	၃၀၄၅	၄၀၃၀	၃၀၂၅	၃၀၄၀	၃၀၄၅	၃၀၄၀	၃၀၈၅	၃၀၇၀	၃၀၆၅	-
HSD (10 ppm)	၃၀၆၅	၃၀၇၅	၃၀၄၅	၃၀၇၅	၃၀၈၅	၃၀၉၀	၃၀၇၅	၃၀၄၅	-	၃၀၂၅	၃၀၄၀	၃၀၄၅	၃၀၄၀	၃၀၈၅	၃၀၇၀	၃၀၆၅	-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၉၀၄	၂၉၃၆
95 Ron	၂၉၆၅	၃၀၅၇
HSD (500 ppm)	၂၅၇၈	၂၆၅၉
HSD (50 ppm)	၃၀၈၂	၃၂၇၅
HSD (10 ppm)	၃၀၈၂	၃၂၇၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၂၂၄၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဂါဇာ၌ သိတင်းခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး စတင်

ဂါဇာ ဧန်နဝါရီ ၁၉

အစ္စရေးနှင့် ဟားမားစ်တို့အကြား ဂါဇာကမ်းမြောင်၌ သိတင်းခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးကို စတင်လိုက်ပြဖြစ်ကြောင်း သိရသည်။

အပစ်အခတ် ရပ်စဲရေးကို ဧန်နဝါရီ ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ၌တွင် စတင်ခဲ့သည်။ လွတ်မြောက်မည့် ဓားစာခံများ အမည်စာရင်းကို ဟားမားစ်က ထုတ်ပြန်ဖော်ပြခြင်း မရှိကြောင်း အစ္စရေးက ပြောသည်။ လွတ်မြောက်မည့် အမည်စာရင်း တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာရခြင်းမှာ နည်းပညာအခက်အခဲကြောင့်ဖြစ်ကြောင်း ဟားမားစ်က ပြောသည်။

ထို့နောက် ကြားဝင်ညှိနှိုင်းဖျန်ဖြေပေးသော နိုင်ငံသို့ အမျိုးသမီးသုံးဦး အမည်စာရင်းကို တင်သွင်းခဲ့ကြောင်း ဟားမားစ်က ပြောသည်။

အဆိုပါ စာရင်းကို အစ္စရေးက လက်ခံခဲ့ကြောင်းနှင့် ဓားစာခံများ လွှတ်ပေးမှုကို မွန်းလွဲပိုင်းတွင် ပြုလုပ်သွားဖွယ် ရှိကြောင်း သိရသည်။

သဘောတူညီချက်အရ ဟားမားစ်က ဓားစာခံ ၃၃ ဦး လွှတ်ပေးသွားဖွယ်ရှိသည်။ အစ္စရေးဘက်ကလည်း ပါလက်စတိုင်းအကျဉ်းသားများကို ပြန်လွှတ်ပေးရန်နှင့် လူဦးရေထူထပ်သော ဒေသများမှ ၎င်း၏တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းသွားရန်စီစဉ်ထားသည်။ **အင်နံအိတ်ချ်ကေ**

ထရမ့် ကျမ်းသစ္စာကျိန်ဆိုပွဲမတိုင်မီ ဝါရှင်တန်၌ စုဝေးဆန္ဒပြမှုဖြစ်ပွား

ဝါရှင်တန် ဧန်နဝါရီ ၁၉

ကျမ်းသစ္စာကျိန်ဆိုပွဲ မတိုင်မီ နှစ်ရက်အလိုတွင် အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ် ထရမ့်၏ မူဝါဒများကို ဆန့်ကျင်သူများက ကြီးမားသည့် ဆန္ဒပြပွဲတစ်ခုဖော်ဆောင်ရန် ဧန်နဝါရီ ၁၈ ရက်က ဝါရှင်တန်မြို့တော်၌ စုဝေးခဲ့ကြောင်း သိရသည်။

အနားယူတော့မည့် သမ္မတ ဂျိုးဘိုင်ဒင်၏ မူဝါဒများကို အကြီးအကျယ်ပြောင်းလဲရန် ပြင်ဆင်နေသည့် ရီပတ်ဘလစ်ကန် ပါတီဝင် ထရမ့်၏ လုပ်ဆောင်မှုက လစ်ဘရယ်ယိမ်း ဒီမိုကရက်တစ်ပါတီ ထောက်ခံသူများကို စိုးရိမ်မှုများ မြင့်တက်စေသည်။ **အင်နံအိတ်ချ်ကေ**

မြူထူထပ်မှုကြောင့် နယ်သာလန်နိုင်ငံ၌ လေယာဉ်ခရီးစဉ်များစွာ ဖျက်သိမ်း

သည်ဟိတ် ဧန်နဝါရီ ၁၉

နယ်သာလန်နိုင်ငံ အဓိကတာဒမ် ချစ်စ်ပူလေဆိပ်၌ ဧန်နဝါရီ ၁၈ ရက်က လေးရက်မြောက် ဆက်တိုက် မြူထူထပ်သဖြင့် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့ရသည်ဟု သိရသည်။

ဧန်နဝါရီ ၁၈ ရက်အတွက် လေယာဉ်ခရီးစဉ် ၅၀ ခန့် ဖျက်သိမ်းခဲ့ရပြီး တစ်ပတ်အတွင်း ခရီးသွားလာမှုကို သိသိသာသာ အဟန့်အတား ဖြစ်စေခဲ့သည်။

မြူထူထပ်သည့် အခြေအနေကြောင့် ဧန်နဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် လေယာဉ်ခရီးစဉ် ပေါင်းများစွာ ဖျက်သိမ်းခဲ့ရပြီး ဧန်နဝါရီ ၁၅ ရက်တွင်လည်း ခရီးစဉ်ပေါင်း ၁၀၀ ကျော် ဖျက်သိမ်းခဲ့ရသည်။

နိုင်ငံ အနောက်မြောက်ပိုင်း ဒေသများတွင် မြူထူထပ်စွာ ကျဆင်းမှုအတွက် အဝါရောင် သတိပေးချက်ကို နယ်သာလန် အမျိုးသား မိုးလေဝသ အင်စတီကျူက ထုတ်ပြန်ထားသည်။

မြူများထူထပ်စွာ ကျဆင်းခြင်းကြောင့် လမ်းများတွင် အန္တရာယ်ရှိသည့် အခြေအနေများ ဖြစ်ပေါ်ပြီး မြင်နိုင်စွမ်းအားမှာ အချို့သောနေရာများတွင် မီတာ ၂၀၀ အောက် ကျဆင်းသွားသည်။

လမ်းပေါ်တွင် မြင်နိုင်စွမ်းအားနည်းမှုကြောင့် ပြီးခဲ့သည့် ရက်အနည်းငယ်အတွင်း ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့သည်ဟု သိရသည်။ **ဆင်ဟွာ**

သီရိလင်္ကာ၌ မြေပြိုမှု၊ ရေကြီးမှု သတိပေးချက်ထုတ်ပြန်

ကိုလံဘို ဧန်နဝါရီ ၁၉

သီရိလင်္ကာ အာဏာပိုင်များသည် ခရိုင်နှင့် ပြည်နယ်များစွာကို ထိခိုက်စေနိုင်သည့် မြေပြိုမှုနှင့် ရေကြီးမှုအန္တရာယ် သတိပေးချက်ကို ဧန်နဝါရီ ၁၉ ရက်က ထုတ်ပြန်ခဲ့သည်။

အမျိုးသား အဆောက်အအုံနှင့် သုတေသနအဖွဲ့ (အင်နှင်ဘီအာအို) က ဘန်ဒူလာ၊ ကန်ဒီ၊ ကူရန်နီဂါလာနှင့် မာတေးလ် ခရိုင်များအတွက် ဧန်နဝါရီ ၂၀ ရက် နံနက်ပိုင်းအထိ မြေပြိုမှု သတိပေးချက်ထုတ်ပြန်သည်။

ဆည်မြောင်း ဦးစီးဌာနက အရှေ့အလယ်ပိုင်းနှင့် မြောက်ပိုင်း ပြည်နယ်များ အထူးသဖြင့် မဟာဝီလီမြစ်ဝှမ်းရှိ မြေနိမ့်ပိုင်း ဒေသများအတွက် ရေကြီးရေလျှံမှု သတိပေးချက် ထုတ်ပြန်ထားခဲ့သည်။

အရှေ့မြောက် မုတ်သုံလေသည် လက်ရှိတွင် အားကောင်းနေပြီး လာမည့်ရက်များအတွင်း မိုးဆက်လက်ရွာသွန်းမည် ဖြစ်ကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

အမေရိကန်က ယီမင်မြို့တော်သို့ လေကြောင်းတိုက်ခိုက်

အေဒင် ဧန်နဝါရီ ၁၉

ဟူသီအဖွဲ့က ပင်လယ်နီတွင် အမေရိကန်လေယာဉ်တင်သင်္ဘော်နှင့် စစ်သင်္ဘောများကို ပစ်မှတ်ထားတိုက်ခိုက်မှုများ လုပ်ဆောင်ပြီးနောက် အမေရိကန်ကလည်း ဧန်နဝါရီ ၁၉ ရက် အစောပိုင်းတွင် ယီမင်နိုင်ငံ၏ မြို့တော်ဆာနား မြောက်ပိုင်းသို့ လေကြောင်းတိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့တော်ဆာနားမြောက်ဘက်ရှိ အယ်အဇာကွင်းဒေသသို့ အမေရိကန်က လေကြောင်းတိုက်ခိုက်မှု လေးကြိမ်ပြုလုပ်ခဲ့ကြောင်း ဟူသီပိုင် အယ်မာစီရာရုပ်သံလိုင်းက အစီရင်ခံဖော်ပြထားသည်။ ထိုသို့ တိုက်ခိုက်မှု လုပ်ဆောင်ပြီးနောက် မြို့အနှံ့ပေါက်ကွဲသံများ ကြားရကြောင်း ဒေသခံများက ဆင်ဟွာသို့ အတည်ပြုပြောသည်။

၂၀၂၄ ခုနှစ် ဧန်နဝါရီလမှစတင်ကာ ရေပိုင်နက်အတွင်း တပ်စွဲထားသော အမေရိကန် - ဗြိတိန် ညွှန့်ပေါင်းရေတပ်သည် ဟူသီပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများနှင့် ဒုံးကျည်တိုက်ခိုက်မှုများ ပုံမှန်ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလမှစတင်ကာ ဆီးရီးယားဒုက္ခသည်ပေါင်း ၁၉၅၂၀၀ နေရပ်ပြန်

ဒမတ်စကတ် ဧန်နဝါရီ ၁၉

လွန်ခဲ့သည့်နှစ် ဒီဇင်ဘာမှစတင်၍ ဆီးရီးယားဒုက္ခသည်ပေါင်း ၁၉၅၂၀၀ မှာ နေရပ်ပြန်သွားကြသည်ဟု ကုလသမဂ္ဂဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီး ဖိလစ်ပိုဂရန်ဒီက ဧန်နဝါရီ ၁၈ ရက်တွင် ပြောသည်။ ဧန်နဝါရီ ၁၆ ရက်အထိ နေရပ်ပြန်ဆီးရီးယားနိုင်ငံသားပေါင်း ၁၉၅၂၀၀ ရှိသည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးက လူမှုကွန်ရက်မီဒီယာတွင် ဖော်ပြခဲ့သည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီ၊ နေရပ်ပြန်များနှင့် အိမ်ရှင်အသိုင်းအဝိုင်းများကို ထောက်ပံ့ရန်အတွက် ဆီးရီးယားနှင့် အိမ်နီးချင်းနိုင်ငံများသို့ မကြာမီ ခရီးသွားမည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးက ပြောသည်။

သို့သော်လည်း အချို့အတိအကျကိုမူ ဖော်ပြခဲ့ခြင်းမရှိချေ။ ၂၀၂၄ ခုနှစ်အတွင်း နေရပ်ပြန်ဆီးရီးယားဦးရေ ၅၅၀၀၀၀ ကျော် ရှိသည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ခန့်မှန်းထားသည်။

ဆီးရီးယားနိုင်ငံ မြောက်ပိုင်း အလက်ပိုတွင် နေရပ်ပြန် ၂၃ ရာခိုင်နှုန်းကို လက်ခံထားသည်ဟု သိရသည်။ နေရပ်ပြန်လိုသည့် ဆီးရီးယားဒုက္ခသည်များမှာ ၎င်းတို့၏ဘဝများနှင့် နေအိမ်များ ပြန်လည်ထူထောင်ရေးအတွက် ငွေကြေးနှင့် ထောက်ပံ့ပို့ဆောင်ရေး အကူအညီများလိုအပ်ကြောင်း ဖော်ပြခဲ့သည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ဒုက္ခသည်များပြန်လာရေး လွယ်ကူချောမွေ့စေရန် အစီအစဉ်များဖြင့်တင်ဆောင်ရွက်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဒုက္ခသည်များနှင့် အိမ်ရှင်အသိုင်းအဝိုင်းအတွက် ကာကွယ်ရေး အစီအစဉ်များနှင့် ရန်ပုံငွေစုဆောင်းမပြတ်ရရှိရေး အရေးပါမှုကိုလည်း အေဂျင်စီက ဖော်ပြခဲ့သည်။ **ဆင်ဟွာ**

မြန်မာနိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းသား၊ကျောင်းသူများအတွက် သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး၊ ပညာရေး၀န်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ၀ါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် လွယ်ကူလေ့လာအင်္ဂလိပ်စာ Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် ကြိုတင်ပြင်ဆင်အောင်ပွဲ၀င် နမူနာမေးခွန်းလေ့ကျင့်ခန်းများနှင့် အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာ လေ့ကျင့်နိုင်ရန် တနလ်ာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ **မြန်မာ့အလင်းစာတည်းအဖွဲ့**

Grade-9

Section (A) Listening

I. Listen to the following dialogue and choose the answer a or b. (5 marks)

1. In modern kitchens, an air fryer has become a popular ..... (a) tool (b) appliance
2. Air fryers cook food by circulating hot ..... (a) air (b) water
3. This method makes food ..... outside and soft inside. (a) soft (b) crunchy
4. To cook with an air fryer, you first remove the ..... (a) pan (b) lid
5. After putting the ingredients in the basket, you set the ..... (a) timer (b) fan

Section (B) Reading

II. Read the following dialogue and fill in the blanks with the suitable words given below. There are two extras. (5 marks)

attractive	Pyu	slim	drummer
bronze	funny	cute	ancient

I would like to talk about five small ..... (1) ..... Pyu bronze figures displayed at the Sri Ksetra Museum. The museum is located in the Sri Ksetra World Heritage Site, Pyay Township. Let me introduce the figures from left to right. As described in the photo, the first small figure is a fascinating bronze flautist statue. The second one is a well-crafted bronze ..... (2) ..... statue. The third one is a ..... (3) .... (4) ..... small bronze statue. It's a clown carrying a bag on its back. The fourth one is an ..... (5) ..... shiny bronze dancer statue. It's much bigger in size compared to the other four figures. The last one is a stunning ..... (6) ..... bronze cymbalist statue. All these statues were discovered inside a small ancient ..... (7) .... (8) ..... bell which is beautifully moulded. The bell was found at a site near the Phayama Pagoda in 1967. Let me end my talk here. Thank you for your attention.

Section (C) Writing

III. Fill each blank with the appropriate word. The initial letters are given to help you. (5 marks)

1. Don't you feel s..... and tired after school?
2. Light p..... exercise can make you feel better.
3. To start, spread your a..... to the sides.
4. Then, make arm c..... forward.
5. Next, r..... the direction of the arm circles.

Answer Keys

I. 1. (b) appliance 2. (a) air 3. (b) crunchy 4. (a) pan 5. (a) timer

II. 1. ancient 2. drummer 3. cute 4. funny 5. attractive 6. slim 7. Pyu 8. bronze

III. 1. stiff 2. physical 3. arms 4. circles 5. reverse

Grade-10

I. Complete each sentence with the appropriate word given in the box that collocates with the word (s) in italics. (10 marks)

apply	products	boomed	do	heritage
promote	toil	wearing	medical	wins

1. Mg Mg is such a reliable student that he .....the trust of all his teachers and friends.
2. Food producers should ..... their best to make sure that they produce safe foods.
3. We are introducing a new range of beauty ..... intended for teenagers.
4. Hotel and tourism industry has ..... in the last few years.
5. Some Myanmar women are very fond of ..... flowers in their hair.
6. Farmers in our village have to ..... in the paddy field from morning till evening.
7. She doesn't ..... any make-up; yet she is beautiful.
8. We launched a big advertising campaign to ..... the sale of our new product.
9. Our traditions and customs are all part of our cultural .....
10. The drug is sold only ..... purposes.

Answer Keys

I. 1. wins 2. do 3. products 4. boomed 5. wearing 6. toil 7. apply 8. promote 9. heritage 10. medical

Grade-11

I. Complete each sentence with the correct expression given in brackets. (10 marks)

1. The houses in our street are (**brightly-lit/old-fashioned**) on the full moon day of Thadingyut.
2. The COVID-19 pandemic has done (**far-reaching/ deep-rooted**) harm to the world.
3. My uncle is a (**quick-witted/highly-respected**) person who has the ability to understand things and respond to questions quickly.
4. Many doctors (**claim/ propose**) that there is firm evidence that links smoking with lung cancer.
5. The principal (**mentioned/ described**) in his speech that teachers in his school are training students to become confident and thoughtful people.
6. Our teacher often (**explains/states**) to us the effects of drug addiction and (**points out/mentions**) the disadvantages of it.
7. Natural disasters, such as a long period of drought, flooding and plant disease can result in a (**famine/ pandemic**).
8. Disaster (**outbreak/preparedness**) refers to measures taken to prepare for and reduce the effects of disasters.
9. The topsoil of the mountainside has been almost completely (**washed away / washed up**).
10. In cases of large fires, special high-pressure hoses are used to (**put off / put out**) them.

Answer Keys

I. 1. brightly-lit 2. far-reaching 3. quick-witted 4. claim 5. mentioned 6. explains 7. famine 8. preparedness 9. washed away 10. put out

Grade-12

I. Complete the sentences with the appropriate words. The initial letters are given. (10 marks)

1. Some manners are u.....; for example, table manners are adopted in every country.
2. Saying 'thank you' is a socially a ..... manner in our culture.
3. Parents and teachers play a v..... role in shaping their children's attitude.
4. To i..... knowledge to students is one of the chief duties of a teacher.
5. C..... may influence the lifestyles of teenagers: the way they dress and the way they behave.
6. For some students, their teachers are r..... m..... for them to imitate.
7. Our company has a..... a reputation for quality and service.
8. My cousins are fond of swimming. They have a nice s..... p..... in their backyard.
9. The Eiffel Tower in France is one of the world famous l.....
10. A university student who has not received a bachelor's degree yet is called an u.....

II. Choose the appropriate words or phrases to complete the sentences. (10 marks)

1. Only a few students in this school always ..... badly towards their teachers.
   A. act B. behave C. perform
2. Some think that asking someone's age is ....., A. tolerated B. polite C. impolite
3. Any bad language should not be used in educated ....., A. environment B. society C. group
4. In some countries, smoking in public areas is an/a ..... manner.
   A. unacceptable B. polite C. unaccepted
5. Thura asked Sandy to marry him and she .....
   A. allowed B. permitted C. accepted
6. They are so rude. We will not ..... their behaviors in this way. A. allow B. tolerate C. permit
7. Children ..... manners by imitating their elders.
   A. acquire B. receive C. obtain
8. An NGO ..... my friend a well-paid job and he accepted it.
   A. sent B. offered C. gave
9. At weekends, I always meet my ..... to discuss our school lessons.
   A. colleagues B. partners C. classmates
10. As a good citizen, it is important to ..... by the law.
    A. live B. abide C. stay

Answer Keys

I. 1. universal 2. acceptable 3. vital 4. imitate 5. peers 6. role, models 7. excellent 8. swimming, pool 9. landmarks 10. undergraduate

II. 1. B. behave 2. C. impolite 3. B. society 4. A.unacceptable 5. C. accepted 6. A. allow 7. A. acquire 8. B. offered 9. C. classmates 10. B. abide

တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ရွာသာကြီး Dry Port ၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဧန်နဝါရီ ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဧန်နဝါရီ ၁၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှား ဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ခုနစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံး ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၃၆၀၉၀၅၄) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ လေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၈၁၃၅၅၁)ကို လည်းကောင်း၊ ရွာသာကြီး Dry Port ၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၉၀၉၄၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dayang CGC Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၇၄၃၃၉၀၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဧန်နဝါရီ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး၊ လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇၃၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Howo Tractor Head တစ်စီး၊ Volvo Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၇၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Auman Tractor Head တစ်စီး၊ Volvo Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်–ထားဝယ် ကားလမ်းပေါက်တိုင်းတံတားစစ်ဆေးရေးဂိတ်အနီး၌ မော်တော်ယာဉ် တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၀၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇလဦပြင်တံတားပူးပေါင်းစစ်ဆေးရေး (ကျိုင်းတံတား) ဂိတ်၌ ဘားအံမြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကိုလည်းကောင်း၊ ရဲသာ ယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှု ဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ၄၁ မျိုးနှင့် မော်တော်ဆိုင်ကယ်အပိုပစ္စည်း ရှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၅၁၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဧန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၉ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၇၇၉၉၀၅၅ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်စျေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံး နစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဧန်နဝါရီ ၁၉

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်ယနေ့ အများအားဖြင့် သာယာမည်။ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

မိုး/ဧလ

ရွာငံမြို့နယ်၌ ခြောက်ကောင်ဂျင်လောင်းကစားပြုလုပ်သူ အမျိုးသား ၁၀ ဦးအား ဖမ်းဆီးအရေးယူထား

နေပြည်တော် ဧန်နဝါရီ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်၌ ဧန်နဝါရီ ၁၇ ရက်က ခြောက်ကောင်ဂျင် လောင်းကစားပြုလုပ်သူ အမျိုးသား ၁၀ ဦးအား ဖမ်းဆီး အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧန်နဝါရီ ၁၇ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ရွာငံမြို့နယ် ပွေးပြတ်ကျေးရွာအနီး ယကြီးကျေးရွာနေ သာချို(၅၀) နှစ် ပိုင်ဆိုင်သည့် တောင်ယာခင်းအတွင်း၌ ခြောက်ကောင်ဂျင် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ရွာငံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးခဲ့ရာ သာချိုပါအမျိုးသား ၁၀ ဦးအား ခြောက်ကောင်ဂျင် လောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများ၊ ဆိုင်ကယ် ၁၃ စီး တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် သာချိုပါ ၁၀ ဦးကို ရွာငံမြို့မရဲစခန်း(ပ)၆/၂၀၂၅ လောင်းကစား ဥပဒေပုဒ်မ ၁၅(က)ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်း ရရှိသည်။

ရဲပြန်ကြား

မြိတ်မြို့နယ်၌ ဆေးလိပ်မီး မွေ့ရာပေါ်ကျ၍ မီးလောင်၊ အမျိုးသားတစ်ဦး သေဆုံး

နေပြည်တော် ဧန်နဝါရီ ၁၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ဧန်နဝါရီ ၁၈ ရက်က ဆေးလိပ်မီး မွေ့ရာပေါ်သို့ ကျရောက်၍ မီးလောင်မှုဖြစ်ပွားခဲ့ပြီး အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧန်နဝါရီ ၁၈ ရက် နံနက် ၃ နာရီ ၁၅ မိနစ်တွင် မြိတ်မြို့ အလယ်ကျွန်းရပ်ကွက် မင်္ဂလာလမ်းနေ ဦးတင်ယု(ခ)သဲချောင်း(၄၀) နှစ်၏ နေအိမ်၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မြိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ် သုံးစီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၄၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး ဖြစ်စဉ်အား စီစစ်ရာ ဦးတင်ယု(ခ)သဲချောင်းသည် အရက်သေစာမူးယစ်ပြီး အိပ်ရာထဲတွင် ဆေးလိပ်သောက်၍ အိပ်ပျော်သွားခဲ့ရာ ဆေးလိပ်မီးမှာ မွေ့ရာပေါ်သို့ ကျရောက်၍ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကာ မီးလောင်မှုကြောင့် ၎င်း၏ နေအိမ်ပါ နေအိမ် သုံးလုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး ဦးတင်ယု(ခ)သဲချောင်းမှာ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးခဲ့သောကြောင့် တင်ယု(ခ)သဲချောင်းအား မြိတ်မြို့မရဲစခန်း(ပ)၁၃/၂၀၂၅ ရာဇသတ်ကြီး ပုဒ်မ ၂၈၅/ ၃၀၄-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝဲခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဧန်နဝါရီ ၁၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝဲခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧန်နဝါရီ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Myat Noe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ရွာသစ်ကလေးကျေးရွာနေ နေလင်းထွန်းအား ညနေ ၅ နာရီခွဲတွင် မြောင်းမြမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မိတ္ထီလာမြို့နယ်အတွင်း စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး တွေ့ဆုံဆွေးနွေး

မိတ္ထီလာ ဧန်နဝါရီ ၁၉

မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့် အဖွဲ့ဝင်များသည် ဧန်နဝါရီ ၁၈ ရက်က မိတ္ထီလာမြို့နယ်အတွင်း စိုက်ပျိုးသီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများအား တွေ့ဆုံဆွေးနွေးပြီး သီးနှံစိုက်ပျိုးမည့်နေရာများကို ကွင်းဆင်းကြည့်ရှုသည်။

တိုင်းဒေသကြီးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ နံနက် ၁၁ နာရီတွင် ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးက မိတ္ထီလာခရိုင်အတွင်း နွေသီးနှံစိုက်ပျိုးရာတွင် မြေပဲ၊ နှမ်း၊ ဂျုံ၊ ပဲစင်းငုံ သီးနှံလေးမျိုးအား ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။ ယင်းနောက် ခရိုင်စိုက်ညီအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ညီအဖွဲ့ဥက္ကဋ္ဌများက ဒေသတွင်း သီးနှံစိုက်ပျိုးမှုအခြေအနေများ၊ သက်ဆိုင်ရာ ခရိုင်အဆင့် ဌာနဆိုင်ရာများက ဌာနအလိုက် သီးနှံပန်းတိုင် အထွက်နှုန်းရရှိရေး၊ စိုက်ကေပြည့်မီရေးကိစ္စများကို ဆွေးနွေးတင်ပြသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးနှင့် အဖွဲ့သည် တောမကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ ဘုန်းကြီးကျောင်း၌ ဥယျာဉ်ကျေးရွာနှင့် ချောက်ပင်ကျေးရွာတို့မှ နွေနှမ်းကေ ၁၅၀ စိုက်ပျိုးမည့် တောင်သူများနှင့် ဧာင်ချမ်းကုန်းကျေးရွာ သန္တိသုခမွေမိမာန်၌ နွေနှမ်းကေ ၁၀၀ စိုက်ပျိုးမည့် တောင်သူများအား တွေ့ဆုံ၍ စိုက်ကေပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နည်းပညာနှင့် အကူအညီပေးရေးကိစ္စရပ်များကို ဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ဒေသခံ တောင်သူများက လိုအပ်ချက်များကို တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးနှင့် သက်ဆိုင်ရာဌာနများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး တောမကျေးရွာ နှင့် ဧာင်ချမ်းကုန်းကျေးရွာတို့ရှိ စံပြကွက် ၈ က ၅၀ စီ စိုက်ပျိုးမည့်နေရာများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

မြိတ်ခရိုင်အတွင်းရှိ ရေထွက်ကုန်မွေးမြူရေးလုပ်သားများ လုပ်ငန်းခွင်ကျွမ်းကျင်စေရန် သင်တန်းများဖွင့်လှစ်

မြိတ် ဧန်နဝါရီ ၁၉

ငါးလုပ်ငန်းဦးစီးဌာနမှ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ ရေထွက်ကုန်မွေးမြူရေး လုပ်သားများ လုပ်ငန်းခွင်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို မြိတ်မြို့နှင့် ကျွန်းစုမြို့နယ်တို့တွင် ဧန်နဝါရီ ၁၈ ရက်က ဖွင့်လှစ်သည်။

ရေထွက်ကုန် မွေးမြူရေးလုပ်သားများ လုပ်ငန်းခွင် ကျွမ်းကျင်စေရန် မြိတ်ခရိုင် ငါးလုပ်ငန်း အဖွဲ့ချုပ်ရုံး၌ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်၊ ဘေးဥပဒ်အန္တရာယ် ဖြစ်စေနိုင်သော အချက်များကို စိစစ်ဖော်ထုတ်၍ ထိန်းချုပ်ဆောင်ရွက်ခြင်းနှင့် တရုတ်နိုင်ငံသို့ ရေထွက်ပစ္စည်းများ တင်ပို့ရာတွင် လိုက်နာရမည့် စံနှုန်းများ သင်တန်းနှင့် ကျွန်းစုမြို့နယ် မဆိုင်ကျေးရွာတွင် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေး ကျင့်စဉ် (GAqP) သင်တန်းတို့ကို ဖွင့်လှစ်ရာ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူး တက်ရောက်သည်။

အဆိုပါ သင်တန်းတို့၌ သင်တန်းသားများအား မိမိတို့၏ လုပ်ငန်းခွင်ကို ပြန်လည်ရောက်ရှိသည့်အခါ လက်တွေ့ လုပ်ငန်းခွင်နှင့် ပေါင်းစည်း၍ အရည်အသွေး ကောင်းမွန်ပြီး ဘေးဥပဒ်ကင်းသော ရေထွက်ပစ္စည်းများ ပို့မိတို့တက်ထုတ်လုပ် တင်ပို့နိုင်ရေးနှင့် တင်သွင်းနိုင်ငံများ၏ လိုအပ်ချက်များအတိုင်း ပြုပြင်ထုတ်လုပ် တင်ပို့နိုင်သည့် အထိ ငါးလုပ်ငန်းဦးစီးဌာနမှ ပညာရှင်များက ဧန်နဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ သင်ကြားခဲ့ရာ သင်တန်းသား ၁၂၀ တက်ရောက်သည်။

ထို့အတူ မြိတ်ခရိုင်အတွင်းမှ ရေထွက်ကုန်ပစ္စည်းများ နိုင်ငံခြားသို့ တင်ပို့ရာတွင် အရည်အသွေး မြင့်မားရေးအတွက် ရေငန်ပုစွန်၊ ကင်းပုစွန်၊ ကျောက်ပုစွန်၊ ကဏန်းပျော့ မွေးမြူရေးလုပ်ငန်းများနှင့် အစေးခန်းစက်ရုံများကို ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

နိုင်ထူး(ပြန်/ဆက်)

မအူပင်မြို့ရှိ အသက်တစ်နှစ်မှ ငါးနှစ်အောက်ကလေးငယ် ၂၁၁၄ ဦးအား အသက်အလိုက် အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးမည်

မအူပင် ဧန်နဝါရီ ၁၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ Big Catch-Up အဓိလိုက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဧန်နဝါရီ ၁၉ ရက်က ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက ကလေးငယ်တိုင်း ရောဂါကင်းဝေးရေး ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံတိုက်ကျွေးပေး ဆောင်ပုဒ်နှင့်အညီ အသက်တစ်နှစ်မှ ငါးနှစ်အောက် ကလေးများတွင် ကာကွယ်ဆေးမရရှိသော zero – dose နှင့် ကာကွယ်ဆေးမပြည့်စုံသော partial immunization ကလေးများ တစ်ယောက်မျှ မကျန်ရှိစေရေး ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ နယ်မြေတာဝန်ခံများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဒေါက်တာစိုးသက်က Big Catch-Up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို အကြိမ်ပြည့် အသက်အရွယ်အလိုက် ပြည့်စုံအောင်မထိုးလိုက်ရသည့် အသက်တစ်နှစ်မှ ငါးနှစ်အောက်ကလေးငယ်များ ရပ်ကွက်၊ ကျေးရွာမကျန် စစ်တမ်းကောက်ယူထားရှိပြီး ရရှိစာရင်းများအရ အသက်တစ်နှစ်မှ ငါးနှစ်အောက် ကလေးငယ် ၂၁၁၄ ဦးအား ဧန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ထိုးနှံတိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

အမက(လွန်)တပ်မဲ့ကျောင်း ပညာရေးစုံညီပွဲတော်ကျင်းပ

ဘိကလေး ဧန်နဝါရီ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဘိကလေးမြို့နယ် တပ်မဲ့ကျေးရွာအခြေခံပညာမူလတန်း (လွန်)ကျောင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဧန်နဝါရီ ၁၇ ရက်က ကျင်းပရာ ပညာရေးစုံညီပွဲတော် ဦးစီးကျင်းပရေးကော်မတီနာယက ဦးဌေးမြင့်က အမှာစကား ပြောကြားသည်။

ထို့နောက် စာရေးဆရာ/သတင်းထောက် သပြေထွန်းက လူငယ်အကျိုးပြု စကားလက်ဆောင် ဟောပြောသည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးဇင်မင်းသူ၊ ကျောင်းကော်မတီဥက္ကဋ္ဌ ကိုယ်စား ဦးခင်မောင်ဇော်နှင့် ရပ်မိရပ်ဖများက ပညာရေးစုံညီပွဲတော် ကျင်းပခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပညာရည်ထူးချွန်ဆု၊ စာစီစာကုံး၊ ကဗျာဆု၊ အားကစားထူးချွန်ဆု၊ စာရိတ္တထူးချွန်ဆုအပါအဝင် ဆုပေါင်း ၁၃၀ ကျော် ပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်များဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

၂၁၆

ကွမ်းခြံကုန်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေများ ပဉ္စမအကြိမ် ထုတ်ချေး

ကွမ်းခြံကုန်း ဧန်နဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွမ်းခြံစုကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေး လုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများ ရရှိစေရန် ကျေးရွာမတည်ရန်ပုံငွေ (VRFP) စီမံကိန်းငွေများ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုသီတာလင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီထံသို့ လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကွမ်းခြံစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား ၃၅ ဦးအား လည်ပတ်ရန်ပုံငွေကျပ် ၁၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

JJJ

ထန်းတပင်မြို့နယ်ရှိ ကျေးရွာသုံးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

ထန်းတပင် ဧန်နဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နဲ့ဗျောကျေးရွာ၊ ပက်အင်းကလေးကျေးရွာနှင့် ဒဲ့ချိတ်ကျေးရွာတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နဲ့ဗျောကျေးရွာတွင် VDP စီမံကိန်းဖြင့် အလျား ၆၀၆ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ခြောက်ပေရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှုအခြေအနေများကို မှော်ဘီခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ဆွေဆွေမြင့် ၊ ထန်းတပင်မြို့နယ် ဦးစီးမှူး ဒေါ်ချိုချိုအေးနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ကျေးလက်နေ ပြည်သူများ၏ လယ်ယာများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန် ပက်အင်းကလေး ကျေးရွာတွင် အရှည် ၃ ဒသမ ၀၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မနှင့် ဒဲ့ချိတ်ကျေးရွာတွင် အရှည် ၂ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ကျေးလက် ဂဝံကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကုန်ထုတ်လမ်းအား ရေရှည် ပိုင်ဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။ **မောင်ခိုင်**

လှိုင်းဘွဲ့မြို့နယ်၌ အခြေခံပညာအလယ်တန်းနှင့် မူလတန်းသင်ကြားသင်ယူမှုထိရောက်ရေး ဆွေးနွေး

လှိုင်းဘွဲ့ ဧန်နဝါရီ ၁၉

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာအလယ်တန်းအဆင့် Grade - 9 နှင့် အခြေခံပညာမူလတန်းအဆင့် Grade - 5 သင်ကြားသင်ယူမှု ထိရောက်ရေးနှင့် အရည်အသွေးမြှင့်စေရေး မြို့နယ်အဆင့်ဆွေးနွေးပွဲကို ဧန်နဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် လှိုင်းဘွဲ့မြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၊ အထက(ခွဲ) လှိုင်းဘွဲ့၊ အထက(ခွဲ)ဒိုင်းပြတို့၌ ပြုလုပ်သည်။

အဆိုပါ ဆွေးနွေးပွဲများတွင် စုစုပေါင်း ဆရာ ဆရာမ ၁၀၈၉ ဦးက မိမိတို့သင်ကြားသည့် ဘာသာရပ်များအလိုက် သင်ကြားသင်ယူမှု ထိရောက်ရေးနှင့် အရည်အသွေးမြှင့်ရေးတို့အတွက် တက်ရောက်ဆွေးနွေးကြသည်။ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနပြည်သူ့ဆေးရုံတာဝန်ခံ ဒေါက်တာစောငြိမ်းထွန်း ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက ဆွေးနွေးပွဲကို တက်ရောက်ကြသည့် ဆရာ ဆရာမများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး (PfiZer)ကို ထိုးနှံပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မိုးနဲမြို့နယ် ဆောင်ကျဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းပြီးစီး

မိုးနဲ ဧန်နဝါရီ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆောင်ကျဲကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဆောင်ကျဲကျေးရွာကွန်ကရစ်လမ်း အရှည်ပေ ၆၄၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပုံပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၆၀ ကို အသုံးပြုကာ ၂၀၂၄ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် ကျေးရွာရှိကျေးလက်နေပြည်သူများအတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောကာဖြိုးနှင့် အဖွဲ့ဝင်များက ဧန်နဝါရီ ၁၉ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ။။

မင်းဘူးမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပ

မင်းဘူး ဧန်နဝါရီ ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် NO.1 ကိုယ်ပိုင်အထက်တန်းကျောင်း(စကု)က ဦးဆောင်ကျင်းပသည့် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧန်နဝါရီ ၁၈ ရက်က မင်းဘူးဦးဩဘာသမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မင်းဘူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ချုပ်သူဆရာကြီး ဦးအောင်ပြည့်ဖြိုးက ကျောင်းသားလူငယ်များအား နှစ်စဉ်ပြုစုပျိုးထောင်မွေးထုတ်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လူရည်ချွန်မောင်မယ်များ၊ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၊ အထိမ်းအမှတ်ပြုငှဲပွဲများတွင် ဆုရရှိခဲ့သူများ၊ စာပေထူးချွန်ဆုရရှိသူများနှင့် သင်ကြားရေးထူးချွန်ဆုရ ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ) မောင်မောင်(မင်းဘူး)**

လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြွံခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ် ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်းကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နှန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျန်ခိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင် သတ်မှတ်ထားပါ။

နာမည်ကြီး တင်းနစ်မယ် ဆွီယာတက်ခ်ကို ရှုံးနိမ့်မှုကြောင့် ဩစတြေးလျအိုးပင်းပြိုင်ပွဲမှ ရာဒူကာနူ ထွက်ရပြီ

အမ်မာရာဒူကာနူသည် ဩစတြေးလျအိုးပင်း တင်းနစ်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ တတိယအဆင့်တွင် နာမည်ကြီး တင်းနစ်မယ် ဆွီယာတက်ခ်ကို ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှ ထွက်ရပြီ ဖြစ်သည်။

ဗြိတိန်တင်းနစ်မယ် ရာဒူကာနူသည် နာမည်ကြီး ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ်ကို ၆-၁၊ ၆-၀ ဖြင့် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် ဩစတြေးလျအိုးပင်း ပထမအဆင့်တွင် ရရှုံးတင်းနစ်မယ် အဲလက်စ်ဓနဒရိဗာ၊ ဒုတိယအဆင့်တွင် အမေရိကန်တင်းနစ်မယ် အာနစ်ဆီမိုဗာတို့ကို အနိုင်ယူကျော်ဖြတ်ကာ တတိယအဆင့်သို့ တက်လှမ်းလာသူ ဖြစ်သည်။

ရာဒူကာနူသည် လွန်ခဲ့သည့် သုံးနှစ်က ဆစ်ဒနီအိုးပင်းပြိုင်ပွဲတွင် ကာဇက်စတန်တင်းနစ်မယ် အီလန်နာ ရှိုင်ဘာကီနာကို အလားတူ ၆-၀၊ ၆-၁ ရလဒ်ဖြင့် ရှုံးနိမ့်ဖူးထားသူဖြစ်သည်။ ရာဒူကာနူကို ကျော်ဖြတ်နိုင်ခဲ့သော ဆွီယာတက်ခ်သည် ဩစတြေးလျအိုးပင်းပြိုင်ပွဲ စတုတ္ထအဆင့်တွင် ဂျာမန်တင်းနစ်မယ် အီဗာလစ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရာဒူကာနူနှင့်အတူ နာမည်ကြီးတင်းနစ်မယ်များဖြစ်သည့် ဂျေဘီယာ၊ ပါအိုလီနီ၊ ဟာဒက်မာရီယာ၊ ပူဆင်ဆီဗာတို့လည်း ပြိုင်ဘက်ကို ရှုံးနိမ့်ကာ ဩစတြေးလျအိုးပင်းပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ဗြိတိန်တင်းနစ်မယ် ရာဒူကာနူ

ပရီမီယာလိဂ်ပွဲစဉ် (၂၂) တွင် မန်ယူ၊ စပါးတို့ ရှုံးနိမ့်ပြီး နော်တင်ဟမ် အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ်(၂၂)မှ ဧန်နဝါရီ ၁၉ ရက်ည ၈ နာရီခွဲက အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် မန်ယူနှင့် ဘရိုက်တန်အသင်းပွဲစဉ်တွင် ဘရိုက်တန်အသင်းက သုံးဂိုး - တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ရလဒ်ပိုင်းဆိုးရွားမှု ကြုံတွေ့နေသည့် မန်ယူအသင်းသည် ခြေစွမ်းထက်မြက်သည့် ဘရိုက်တန်အသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်း ပျောက်ဆုံးခဲ့သည်။

မန်ယူအသင်းအတွက် သွင်းဂိုးကို မင်းတား၊ မိတိုမနှင့် ရွတ်တားတို့က သွင်းယူပေးခဲ့သည်။

ဘရိုက်တန် အသင်းသည် ယခု ပွဲစဉ်နိုင်ပွဲရရှိခဲ့သည့်အတွက် လိဂ် ၂၂ ပွဲကစားပြီး ရမှတ် ၃၄ မှတ် ရရှိကာ အမှတ်ပေးဇယားအထက် ပိုင်းသို့ တက်လှမ်းနိုင်ခဲ့သည်။

အခြားပွဲစဉ် ရလဒ်များတွင် အဲဗာတန်က စပါးကို သုံးဂိုး-နှစ်ဂိုး၊ နော်တင်ဟမ်က ဆောက်သမ်တန်ကို သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

နာပိုလီက အတ္တလန္တာကို အနိုင်ရရှိခဲ့သောကြောင့် အမှတ်ပေးဇယားကို ရမှတ်ပြတ် ဦးဆောင်နေ

အီတလီစီးရီးအေ ပွဲစဉ် (၂၁) မှ ဧန်နဝါရီ ၁၉ ရက် နံနက် ၂ နာရီ ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် အတ္တလန္တာနှင့် နာပိုလီအသင်းပွဲစဉ်တွင် နာပိုလီအသင်းက အကြိတ်အနယ်ကစားပြီး သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ အမှတ်ပေးဇယားကို ရမှတ်ပြတ် ဦးဆောင်နိုင်ခဲ့သည်။

စီးရီးအေတွင် ဒုတိယတိုက်စစ်အကောင်းဆုံး အသင်းအဖြစ် ရပ်တည်နေသည့် အတ္တလန္တာ အသင်းသည် နာပိုလီအသင်းကို ဂိုးပေါက်ခြိမ်းခြောက်မှု အသာနှင့်အတူ ဖိအားပေးကစားနိုင်ခဲ့သည်။

သို့သော်လည်း ပွဲချိန်တစ်လျှောက် နာပိုလီအသင်းဘက်သို့ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု ပြုလုပ်ထားနိုင်ခြင်း မရှိပေ။

ပြိုင်ဘက် နာပိုလီအသင်းက ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု နှစ်ကြိမ်ရရှိခဲ့ပြီး နှစ်ကြိမ်စလုံး ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။

အတ္တလန္တာအသင်းအတွက် သွင်းဂိုးများကို ရီတီဂူနှင့် လွတ်ခ်မန်းတို့က သွင်းယူပေးပြီး နာပိုလီအသင်းအတွက် သွင်းဂိုးများကို ပိုလီတာနို၊ မက်တွန်ဓီနေးနှင့် လူကာကူတို့က သွင်းယူပေးခဲ့သည်။

နာပိုလီအသင်းသည် ယခုပွဲနိုင်ပွဲရရှိခဲ့သည့်အတွက် စီးရီးအေတွင် ၂၁ ပွဲကစားပြီး ရမှတ် ၅၀ ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

ပြိုင်ဘက်အတ္တလန္တာအသင်းက ၂၁ ပွဲကစားပြီး ရမှတ် ၄၃ မှတ်ဖြင့် တတိယနေရာမှ ဖိအားပေးလျက်ရှိသည်။

ဧန်နဝါရီ ၁၉ ရက်ညနေ ၆ နာရီတွင် ဖိအိုရင်တီးနားနှင့် တိုရီနိုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲအဖြစ် ပွဲပြီးဆုံးခဲ့သည်။ အဆိုပါ ပွဲစဉ်တွင် တိုရီနိုအသင်းမှ ခံစစ်ကစားသမား ခဲဘီလီ ပွဲကစား ချိန် ၃၃ မိနစ်တွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

- နာပိုလီတိုက်စစ်ကစားသမား လူကာကူ အတ္တလန္တာအသင်းဘက်သို့ အနိုင်သေချောစေမည့် တတိယဂိုး သွင်းယူစဉ်။

လေဗာကူဆင်က တိုက်စစ်ခြေစွမ်းပြကာ မိုချန်ဂလာဘတ်ချ်ကို ဂိုးပြတ်အနိုင်ယူ

ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၈) မှ ဧန်နဝါရီ ၁၉ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် လေဗာကူဆင်နှင့် မိုချန်ဂလာဘတ်ချ် အသင်းပွဲစဉ်တွင် လေဗာကူဆင်အသင်းက တိုက်စစ်ခြေစွမ်းပြကာ သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး ဦးဆောင်သူ ဘိုင်ယန်မြူးနစ်အသင်းကို အနိုးကပ် ဖိအားပေးနိုင်ခဲ့သည်။

ရှုံးပွဲဆက်မှုကို ချေဖျက်ရန် အကောင်းဆုံးပြင်ဆင်လာသော မိုချန်ဂလာဘတ်ချ်အသင်းသည် ပြိုင်ဘက် လေဗာကူဆင်အသင်း ခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်း မရှိချေ။ လေဗာကူဆင်အသင်းက တိုက်စစ်၊ ကွင်းလယ်၊ ခံစစ် ဟန်ချက်ညီညီ ကစားနိုင်ခဲ့ပြီး အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။

လေဗာကူဆင်အသင်းအတွက် သွင်းဂိုးများကို ဝစ်နှင့် ရစ်တို့က သွင်းယူပေးပြီး မိုချန်ဂလာဘတ်ချ်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ကလီဒီးယန်က သွင်းယူပေးခဲ့သည်။ လေဗာကူဆင်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ဘွန်ဒက်စ်လီဂါတွင် နိုင်ပွဲ ၁၂ ပွဲရှိလာပြီ ဖြစ်သည်။ ပြိုင်ဘက် မိုချန်ဂလာဘတ်ချ်အသင်းက ယခုပွဲစဉ်ရှုံးနိမ့်ခဲ့သည့်အတွက် ဘွန်ဒက်စ်လီဂါရှုံးပွဲ ရှစ်ပွဲရှိလာပြီ ဖြစ်သည်။

လေဗာကူဆင်အသင်းသည် ယခုပွဲ အနိုင်ကြောင့် နောက်ဆုံး ယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစဉ် ၁၂ ပွဲ ဆက် နိုင်ပွဲရရှိခဲ့သည့် မှတ်တမ်း ပိုင်ဆိုင်ခဲ့သည်။ လေဗာကူဆင်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အသင်းကြီး အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

နောက်ဆုံးရအားကစားသတင်းတိုများ

- အာဆင်နယ်အသင်းသည် လိုက်ပ်ဇစ်အသင်းမှ အသက် ၂၁ နှစ် အရွယ် တိုက်စစ်ကစားသမား ဘင်ဂျမင်ဆက်ကို အား ဧန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေး ပေါင်သန်း ၇၀ ဖြင့် ခေါ်ယူလိုနေသည်။
- ရီးရဲမက်ဒရစ်အသင်းသည် လီဗာပူးအသင်းမှ အင်္ဂလန် ခံစစ်ကစားသမား အာနီး (၂၆နှစ်) ကို ဧန်နဝါရီ အပြောင်းအရွှေ့ မပြတ်မီ ခေါ်ယူသွားဖွယ်ရှိနေသည်။
- အာဆင်နယ်၊ ချယ်ဆီးနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့သည် စပို့တင်း ဗဟိုခံစစ်ကစားသမား ဒိုင်အိုမန်ဒီ (၂၁) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- အက်စ်တွန်ဗီလာအသင်းသည် လီဗန်တေးအသင်းမှ စပိန် ညာခံစစ်ကစားသမား ဂါစီယာကို ခေါ်ယူလိုနေသည်။
- လာလီဂါပွဲစဉ် (၂၀) အဖြစ် ဧန်နဝါရီ ၁၉ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဂီတာဖေးနှင့် ဘာစီလိုနာအသင်း ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ ဘာစီလိုနာအသင်းသည် ယခုပွဲစဉ် သရေကျမှုကြောင့် ငါးပွဲဆက်နိုင်ပွဲရရှိမှုမှတ်တမ်း ရပ်တန့်ခဲ့သည်။

■ မိုးကော် - စုစည်းသည် ■

မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ - ၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန်
လျှောက်ထားသည့်အပေါ်ထုတ်ဆင့်သည့်ကြော်ငြာစာ
မဟာအောင်မြေခရိုင်တရားရုံးတော်
၂၀၂၅ ခုနှစ်၊ တရားမအမှတ်စွဲထွေမူအမှတ် - ၅

အာရ္ယလမ်းသစ်ကုမ္ပဏီလီမိတက် လျှောက်ထားသူ
ASIA NEW WAY COMPANY LIMITED)
ကုမ္ပဏီ၏ ကိုယ်စားဒါရိုက်တာဦးဖုန်းမြင့်)

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၅လမ်းနှင့် ၈၂လမ်းထောင့်တွင် ဖွင့်လှစ်ထားသည့် အာရ္ယလမ်းသစ်ကုမ္ပဏီလီမိတက် (ASIA NEW WAY COMPANY LIMITED) (ကုမ္ပဏီ၏ကိုယ်စားဒါရိုက်တာဦးဖုန်းမြင့်)မှ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအရ Myanmar Companies Online (MyCO) စနစ်ဖြင့် နှစ်စဉ် အစီရင်ခံစာ(Annual; Return)တင်ပြရန်ပျက်ကွက်ခဲ့၍ ကုမ္ပဏီမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခဲ့သဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်ပြုပါရန် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားခြင်းအပေါ် ၂၀၂၅ ခုနှစ်၊ ဧနံနဝါရီလ ၂၄ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၁၁ ရက်) နံနက် ၁၀ နာရီတွင် ယင်းကုမ္ပဏီနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူမည်သူမဆို မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ လွှဲအပ်ထားသည့် အခွင့်အဓိန်ရရှေ့နေဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ အဆိုပါ ကင်းလွတ်ခွင့် လျှောက်ထားချက်အား ရသင့်/မသင့်ကို ကြားနာ၍ ကင်းလွတ်ခွင့် ပြုသင့်/မသင့်ကို စီရင်ဆုံးဖြတ်မည်ဖြစ်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ ထုတ်ဆင့်လိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိ၊ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော အာရ္ယလမ်းသစ် ကုမ္ပဏီလီမိတက် (ASIA NEW WAY COMPANY LIMITED) (ကုမ္ပဏီ၏ကိုယ်စား ဒါရိုက်တာဦးဖုန်းမြင့်)၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်း၏အမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြော်ငြာစာ ထုတ်ဆင့်လိုက်သည်။

၂၀၂၅ ခုနှစ်၊ ဧနံနဝါရီလ ၁၃ ရက်တွင် ဤရုံးတော်တက်ဆိုဝိုက်နှိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးမွန်စစ်း)
ခရိုင်တရားသူကြီး
မဟာအောင်မြေခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၅၊ နည်း ဥပဒေ-၂၀)
မူဆယ်ခရိုင်တရားရုံးတော်
၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁

ဦးကျော်ကျော်ဝင်း နှင့် ၁။ ဦးရောက်နိုးကွဲ့
၂။ မကွမ်းဇီ
(အတူနေလင်မယား)
(တရားလို) (တရားပြိုင်များ)

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ မူဆယ်မြို့၊ မင်္ဂလာမူဆယ်၊ (၃)ဝပ်တွဲ၊ Shophouse(Block-5,Unit-1)ရပ်ခေ ဦးရောက်နိုးကွဲ့နှင့် မကွမ်းဇီ (အတူနေလင်မယား) တို့ သိစေရမည်။

သင့်အပေါ်၌ ဦးကျော်ကျော်ဝင်းက တရုတ်ယွမ်ငွေ ၂၅၀၀၀၀၀ (ယွမ်ငွေ နှစ်ဆယ့် ငါးသိန်းတိတိ) (သို့မဟုတ်) ၎င်းနှင့်ညီမျှသော မြန်မာငွေကျပ် ၁၅၀၀၀၀၀၀၀၀၀/-(ကျပ်သိန်းတစ်သောင်းငါးထောင်တိတိ) နှင့် နှစ်ခဲသကြေး ငွေကျပ် ၁၅၀၀၀၀၀၀၀၀/- (ကျပ်သိန်းတစ်သောင်းငါးထောင်တိတိ)၊ စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀၀၀၀၀/-(ငွေကျပ်သိန်းသုံးသောင်းတိတိ)ရင်ပို့မှလျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီး သည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဧနံနဝါရီလ ၂၂ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၁၄ ရက်) မွန်းလွဲတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေကုင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ဖျက်ကွယ်တွင် ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို့က ကြည့်ရှုလိုသည့် လိုအပ်သော အထောက်အထားစာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအခိုပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် လည်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုဆိုင်ဒေသရုက်က တင်သွင်း ရမည်။

၂၀၂၅ ခုနှစ်၊ ဧနံနဝါရီလ ၁၀ ရက်တွင် ဤရုံးတဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သန်းထိုက်စိုး)
ခရိုင်တရားသူကြီး
မူဆယ်ခရိုင်တရားရုံး

တံဆိပ်အမည် အမှတ်အသားအား မှတ်ပုံတင်သွင်းလျှောက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

အထက်ပါ ပညာရွှေရောင် ကိုယ်ပိုင်အထက်တန်းကျောင်း အမှတ် တံဆိပ်အား မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ နန်းမြင့်လမ်းနေ ဦးသက်ဦးက ပြင်ဦးလွင်မြို့၊ မှတ်ပုံတင်စာရွက်စာတမ်းရုံးတွင် ကိုယ်ပိုင်ကျောင်း အမှတ်တံဆိပ်မှတ်ပုံတင်ကြော်ငြာစာရွက် ပြုလုပ်ရွက်ဆိုမည်ဖြစ်၍ အထက်ပါ Logo ဒီဇိုင်းနှင့်ပတ်သတ်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

ဦးသက်ဦး ဓ/ဟသက(နိုင်)၀၀၅၄၀၉
နန်းမြင့်လမ်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/8524 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကည်နှ၊ ခရိုင်ရုံး
(စစ်ကိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/6899 Toyota Landcruiser HJ S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးသက်ခိုင်ဦး(ခ) သက်ခိုင် ၁၃/လရန(ဧည့်)၀၀၀၅၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည်နှ၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8P/1943 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Lucky Men (MWD) Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည်နှ၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/ အကွက်အမှတ်၊ ၆/ပဒေသာရပ်)၊ ဦးပိုင်အမှတ် (၂၇)၊ မြေစျိုးဝ (၀ ဒသမ ၀၅၅) ကေရှိ မြေကွက်အား မြေငှားဂရန် (အဆည်ပြောင်း) လျောက်ထားနိုင်ရေး ဦးစိုင်းထွန်းကျော် ၁၃/ဓဆဝ(နိုင်)၀၄၁၀၄၂ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက် အမှတ်(၂၀၉)၊ ဦးပိုင်အမှတ် (၄၀၀/၁)၊ ၉၁လမ်း၊ ၂၅လမ်းနှင့် သင်္ဘောဆောင်းပတ်လမ်းရှိ ဒေါ်သူစာမြင့် ဒေါ်နီလာမြင့်၊ ဒေါ်မျိုးသိတာအေးတို့ ၃-ဦး အမည် ပေါက်ပိုင်ဝင်မြေကွက်အား ဒေါ်မျိုးသိတာအေး(အပြီဘဝ)ပြင့် ကွယ်လွန်၍ ကျန်ရစ် သောယုတ္တဲ့အမည်ပေါက်သူများဖြစ်သော ဒေါ်သုစာမြင့် ဓ/မနတ(နိုင်) ၀၀၄၄၃၇၊ ဒေါ်နီလာမြင့် ဓ/မနတ(နိုင်)၁၁၀၆၆၇ တို့က ဘိုးဘာစာအုပ်၊ သေစာရုပ်၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောကခံချက်များတင်ပြ၍ အမွေ ဆက်နှင့် ခံစင်းပြအရောင်းအဝယ်စာချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ။ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြမိမ်ကိန်းနှင့် မြေမီမံခန်ခွဲမှုဌာန၊
မန္တလေးမြို့တောင်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဥာဒီအနောက်ရပ်ကွက်၊ အကွက် အမှတ်(၇၂)၊ ဦးပိုင်အမှတ် ၂၂ ၏ အနောက်ဘက်ခြမ်းခဲစင်း၊ ၂၂ ၏ အလယ်ပိုင်းခဲစင်း၊ ၂၃ + ၂၂ ၏ အရှေ့ခြမ်းခဲစင်း၊ ၁၀လမ်း၊ ၇၉ x ၈၀ကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်စမ်းသီတာ ဓ/မနမ(နိုင်)၁၁၉၆၅၅၊ ဦးစိန်အောင် ဓ/မနမ(နိုင်)၁၁၉၄၄၆ တို့က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ။ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြမိမ်ကိန်းနှင့် မြေမီမံခန်ခွဲမှုဌာန၊
မန္တလေးမြို့တောင်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဟူမွေလင်းမြို့နယ်၊ နောင်ပိုအောင်စံပြကျေးရွာ၊ ဘုရားကြီးတန်းရပ်နေ ဦးမောင်လုံး ၅၅/ဟမလ(နိုင်)၀၁၂၀၆၀-ဒေါ်ထွေးလေး ၅၅/ဟမလ(နိုင်)၀၁၂၀၆၀ တို့၏သား မောင်စိုင်းလင်းမောင်(ခ)ဝိုးပြား ၅/ဟမလ(နိုင်)၀၅၆၀၀၈၁၀၃ မိဘ စကားမနာခံပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့် ပတ်သက်သည့်မည်သည့်ကိစ္စရပ်များကိုမှ လုံးဝတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

ဦးမောင်လုံး-ဒေါ်ထွေးလေး

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၆)၊ ဦးပိုင်အမှတ်(၇၄) ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဦးတင်မောင်စိုး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်လေ့ရှိ (၂ ခန်း x ၄ ခန်း) နံကပ်(၂)ထပ်အဆောက်အအုံ၊ ရေ+မီး (ဆက်လက်သုံးစွဲခွင့်) အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိ လက်ရောက်လွှဲပြောင်း ရောင်းချပိုင်ခွင့် ရှိသူဟု အဆိုပြုသူများဖြစ်သော ဦးတင်မောင်စိုး (ဘ) ဦးဘဒင် ဓ/မရတ(နိုင်)၀၀၈၄၁၁၁ နှင့် ဒေါ်သော်တာလွင်(ဘ) ဦးစောလွင် ဓ/မရတ(နိုင်)၀၀၈၄၁၀ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာ သည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ကန့်ကွန်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းကြားချက်အရ-

ဦးဟန်ထွန်းအောင် (LL.B)
(အထက်တန်းရှေ့နေ)(စဉ်-၅၄၇၅၅)
ဖုန်း-၀၉-၇၆၃၇၃၂၅၉

ဒေါ်ကေဇင်နိုင် (LL.B)
(အထက်တန်းရှေ့နေ)(စဉ်-၅၄၆၁၉)
ဖုန်း-၀၉-၇၆၇၆၇၈၇၃၁

အမှတ်(၁၄-ဇ)၊ ၁၂ လမ်း၊ ၈၆ x ၈၇ လမ်းကြား၊ ပြည်ကြီးရုန်လုံရပ်ကွက်၊
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/31218 Toyomax 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအာကာလွင် ဓ/မဟမ(နိုင်) ၀၃၂၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကည်နှ၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/ 66312 Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမွန်းသာဦး ဓ/ကဆန(နိုင်)၁၈၆၉၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကည်နှ၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/ 13644 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမိုင်းမိုးဟိန်း ဓ/ခမစ(နိုင်) ၀၆၂၆၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

ကည်နှ၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/77595 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ DT Naing Oo Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည်နှ၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/ 52987 Thai Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ Eastern Utopia Enterprise Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထား လာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကည်နှ၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5P/1943 KIA BONGO III P/U(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဝင်း ဓ/ပခက(နိုင်)၀၀၀၉၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကည်နှ၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/23187 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Sein Shwe Yaung Pyae Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည်နှ၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/10877 Honda Vario 150 ယာဉ်လက်ဝယ်ရှိသူ First Amure Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည်နှ၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိမ်းပေါင်းရပ်ကွက်၊ အိမ်အမှတ် (၄၈၅/၃၇)၊ ၈၃ လမ်း၊ ၃၀x၃၉ လမ်းကြားနေ ဒေါ်သင်းသင်းလှိုင် ၁၃/ကမန(နိုင်)၀၆၆၈၈၄၅၅ ၏သား မောင်မျိုးသန့်ထွန်း ဓ/ခအဇ(နိုင်)၀၆၈၀၇၃၅ သည် မိဘ၏ ပြောဆိုဆုံးမမှုများကို မနာခံဘဲ အမြဲလိုလို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အမျိုးမျိုးပြုလုပ်ပြီး နေအိမ်မှ ထွက်သွားပါသဖြင့် သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ မောင်မျိုးသန့်ထွန်းနှင့်ပတ်သက်သော လူမှုရေး၊ စီးပွားရေး၊ ငွေရေး ကြေးရေးနှင့် မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဒေါ်သင်းသင်းလှိုင်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7K/2482,Toyota Hilux Vigo KUN-35,Open Cab (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးယဉ်မင်းမောင် ၁၂/သဃမက(နိုင်) ၁၅၂၆၅၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညနခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/22289, SUZUKI SMASH 112, M/C ယာဉ်လက်ဝယ်ရှိသူ မမိုးသန္ဓာအေး ဂ/မည၁၄(နိုင်) ၁၃၁၄၇၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အ ထော က် အ ထား များ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2I/7094, HINO PROFIA FWLKXH, Truck (8x4) RTCS ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်မင်း ဇ/နထက(နိုင်)၁၂၀၆၅၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အ ထော က် အ ထား များ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၅၀၆၄၉, Yamaha Fin0-115 ယာဉ်လက်ဝယ်ရှိသူ Chon Sain Wet ၁၃/နမတ(ဧည့်)၀၀၀၂၀၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညနခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/65479, Yunde–110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းထွန်း ဇ/အမရ(နိုင်)၁၇၉၀၁၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

စာအုပ်စာပေ လူ့မိတ်ဆွေ

ဒီကရီကိုအတည်ပြုလုပ်ရန် အဓိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂) မဟာအောင်မြေခရိုင်တရားရုံးတော် ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၆၀ နှင့် ဆက်နွယ်သည့် ၂၀၂၄ခုနှစ်၊ တရားမဇာဒီမှုအမှတ်-၂၇၁

ဒေါ်အေးစန္ဒာ နှင့် ဦးကံမြင့်
(တရားနိုင်) (တရားရှုံး)

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၉၃၀၀လမ်းကြား၊ ၆လမ်း၊ တိုင်းရဲအကူတပ်ဖွဲ့ခွဲဝင်းခန့် ဦးကံမြင့် (ယခုနေရပ်လိပ်စာမသိသူ) အားသိစေရမည်။

၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၆၀တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည် ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အဓိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၀၆ ရက် မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်တွင် ဤရုံးတော်မှ ဆိပ်ဝိရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇင်မျိုးသန့်)
ဒုတိယခရိုင်တရားသူကြီး(၅)
မဟာအောင်မြေခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန် အဓိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ (တရားမကျင့်ထုံးကိုဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ -၂၂) အင်းစိန်ခရိုင်တရားရုံး ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၉၁၄နှင့်ဆက်သွယ်သည့် ၂၀၂၅ခုနှစ်၊ တရားမဇာဒီမှုအမှတ်- ၈

ဦးကျော်လွင် နှင့် ဒေါ်တင်တင်အေး
(ဒီကရီအနိုင်ရသူ) (တရားရှုံး)

ဒေါ်တင်တင်အေး အမှတ်၂၆၇၊ အောင်မင်္ဂလာလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၁၄တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်၏ ဦးကျော်လွင် က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အဓိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၀၆ ရက် မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်တွင် ဤရုံးတော်မှ ဆိပ်ဝိရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စောလင်းထွန်း)
ဒုတိယခရိုင်တရားသူကြီး(၃)
အင်းစိန်ခရိုင်တရားရုံး

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရရိပါရ်ကွက်၊ အကွက်အမှတ် ၇၀၄၊ ဦးပိုင်အမှတ် ၃၇/၃၃ရွာ့ ကြား၊ ၇၄× ၇၅ ကြား၌ ဦးတင်မောင်မြင့်၊ ဒေါ်ဖြူပြာအေး၊ ဒေါ်ခင်သန္တာသိမ့်၊ ဒေါ်ယဉ်စန္ဒာသိမ့်၊ ဦးနေဇိုးဝတို့ ၅ဦး အပေါင်ပါက် ဘိုးဘဝမြေကွက်အား ခင်ပွန်း ဦးတင်မောင်မြင့် ကွယ်လွန်၍ ကျန်ရစ်သောမူးတွဲအမည်ပေါက်သည့်နေရာ၊ သား သမီးများဖြစ်သော ဒေါ်ဖြူပြာအေး ဇ/မရမ(နိုင်) ၁၅၉၇၆၀၊ ဒေါ်ခင်သန္တာသိမ့် ဇ/အဓ(နိုင်)၀၀၃၀၆၆၊ ဒေါ်ယဉ်စန္ဒာသိမ့် ဇ/အဓ (နိုင်)၀၂၆၄၃၊ ဦးနေဇိုး၁ ဇ/အဓ(နိုင်)၀၃၇၈၀၇တို့က ဘိုးဘဝအရပ်၊ သေစာရင်း၊ တရားရုံးကျွမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံနိုင်ရန် ကွန်လွတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်ဖူးလုံရပ်ကွက်၊ အကွက်အမှတ် ၇၄၃၊ ဦးပိုင်အမှတ် ၁၃/၃၃လမ်း ၇၁×၇၂ ကြား၌ ဦးတင်မောင်မြင့်၊ ဒေါ်ဖြူပြာအေး အပေါင်ပါက် ဘိုးဘဝမြေကွက်အား ခင်ပွန်း ဦးတင်မောင်မြင့် ကွယ်လွန်၍ ကျန်ရစ်သူဇနီးနှင့် သားသမီးများဖြစ်ကြသော ဒေါ်ဖြူပြာအေး ဇ/မရမ(နိုင်) ၁၅၉၇၆၀၊ ဒေါ်ခင်သန္တာသိမ့် ဇ/အဓ(နိုင်) ၀၀၃၀၆၆၊ ဒေါ်ယဉ်စန္ဒာသိမ့် ဇ/အဓ(နိုင်)၀၂၆၄၃၊ ဦးနေဇိုး၁ ဇ/အဓ(နိုင်)၀၃၇၈၀၉တို့က ဘိုးဘဝအပိုင်၊ သေစာရင်း၊ တရားရုံးကျွမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံနိုင်ရန် ကွန်လွတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်/ကြိုး(၂)ကွင်း/အကွက်အမှတ်(၁၃/ညံတောအရှေ့ရပ်)၊ ဦးပိုင်အမှတ်(၇၂)၊ မြေစီရံသာ(၀၁၁၀၆၁၀)၊ဧကရံ(သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးသိန်း၀င်း ၅/တဆန(နိုင်) ၁၅၈၉၀၇၄နှင့် ဒေါ်ပြားစိန် ၅/တဆန(နိုင်)၀၀၁၀စ၀၇၆ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ဒီကရီကိုအတည်ပြုရန် အဓိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂) သန်လျင်ခရိုင်တရားရုံးတော် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၃၉ နှင့်ဆက်နွယ်သည့် ၂၀၂၄ခုနှစ်၊ တရားမဇာဒီမှုအမှတ်-၁၉

ဦးတင်မျိုးဝင်း နှင့် ၁။ ဦးခင်မောင်ဝင်း
၂။ ဦးမင်းလွင်
(ဒီကရီအနိုင်ရသူ) (တရားရှုံးများ)

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင် စျေးလမ်း၊ အမှတ်(၆၉)၊ အခန်း၊ (၃၀၄) (ယခုနေရပ်လိပ်စာမသိ)နေ ဦးမင်းလွင် သိစေရမည်။

၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၃၉ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အဓိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၀၄ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၅) ရက်၊ မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်တွင် ဤရုံးတော်တဆိပ်ဝိရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှိုင်လွှိုင်ဝေ)
တွဲဖက်ခရိုင်တရားသူကြီး(၁)
သန်လျင်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုနဲ့ရုပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၃/၅၉)၊ နှုန်း၀နံ (စက်မှုနုန်း)၊ ဦးပိုင်အမှတ်(၉၃)၊ ဧရိယာ(၀.၁၁၀)ကေရီမြေအား မြို့မြေအမှတ် ၃၉၂၇/၁၉၉၅-၁၉၉၆အရ (၁၇-၃-၁၉၉၅)မှ (၁၆-၃-၂၀၂၅)အထိ ဧရိယာ (၀.၂၂၀)ကေရီမြေအား ဦးဝင်းဦးအမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ်ချုပ်ဆထားပေး သော မြေဖြစ်ပြီး မြို့မြေအမှတ်အတွက် ၀၅ V ၂၀၁၀-၂၀၁၁အရ ဧရိယာ(၀.၁၁၀) ကေရီမြေအား ဦးဝင်းဦးအမည်မှ ဦးကိုကိုမြတ်အမည်သို့ (၁၅-၂-၂၀၁၁)ရက် မှစ၍ မူလသက်တမ်းအတိုင်း အမည်ပြောင်း ချထားပေးသောမြေအား ဦးကိုကိုမြတ်မှ မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထား ရာ ကျွံနေကြောင်းတော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင့်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက် ထားသူအား အထက်ဖြန်မာပြည်ရေမြေနှင့် အခွန်စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတို့) ရွှင်ပြုပေးဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

ကော်လင်္ဂြော်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုနဲ့ရုပ်ကွက်၊ အကွက်အမှတ်နှင့် အမည်၊ ၃/၅၉၊ နှုန်း၀နံ (စက်မှုနုန်း)၊ ဦးပိုင်အမှတ် (၄၄၄လမ်း-၉၂)၊ ဧရိယာ(၀.၁၁၀)ကေရီမြေအား မြို့မြေ အမှတ်အမှတ် ၃၉၂၇/၁၉၉၅-၁၉၉၆ အရ (၁၇-၃-၁၉၉၅)မှ (၁၆-၃-၂၀၂၅)ထိ ဦးသိန်းလွင် အမည်ဖြင့် နှစ်(၃၀) မြေငှားစာချုပ်ချုပ်ထားပေးသောမြေဖြစ်ပြီး မြို့ မြေအမှတ်အတွက် ၀၉၈ V ၂၀၁၂-၂၀၁၃ အရ အမည် ဦးသိန်းလွင် အမည်မှ ဦးကိုကိုမြတ် အမည်သို့ (၅-၂-၂၀၁၃) ရက်မှစ၍ မူလသက်တမ်းအတိုင်း အမည်ပြောင်း ချထား ပေးသောမြေအား ဦးကိုကိုမြတ်မှ မြေငှားစာချုပ် (သက်တမ်းတို့) လျှောက်ထား ရာ ကျွံနေကြောင်းတော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင့်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက် ထားသူအား အထက်ဖြန်မာပြည်ရေမြေနှင့် အခွန်စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတို့) ရွှင်ပြုပေးဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

ကော်လင်္ဂြော်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက် အမှတ်(၇၈)၊ မြေကွက်အမှတ်(၇၇)၊ မြေဧရိယာ(၄၀၀ပေ×၆၀ပေ) (၀.၀၅၅)ဧက၊ (၂၄၀၀-စတုရန်းပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုး ခံစားခွင့်အားလုံးတို့မြေအမည်ပေါက်သူထံမှ ယခုလွှဲပြောင်းရောင်းချသူက အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ဖြင့်တရားဝင်ပိုင်ထားသူ ဒေါ်နွဲ့နွဲ့မူ (၁၀/မလမ(နိုင်)၁၆၈၅၈၄) က တရားဝင်ပိုင်ဆိုင်ပါသည်။ ငှင်းထံမှ ယခုဝယ်ယူသူ ဦးထွန်းရွှေ(၁၁/မအန(နိုင်)၀၃၀၈၅၅) က စရန်ငွေတစ်စိတ် တသေဝေးချေထား ပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နေအိမ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောအထောက် အထားများဖြင့် ကျွန်ုပ်ထံသို့ ယခုကြေညာပါဒြီးသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ကန့်ကွက် သူမရှိပါက အရောင်းအဝယ်ကိုအပြီးတိုင် ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်သူနှင့်ကြားချက်များအရ
ဒေါ်လှလှမိုရ်(လိုင်စဉ်-၂၃၃၀)
အထက်တန်းရှေ့နေ
အမှတ်(၃၉)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀-၄၉၃၀၆

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ် ၂၁၅၊ ဦးပိုင်အမှတ် ၄-ဆ/ကမ်းနားလမ်း၊ ၂၂×၂၆လမ်းကြားရှိ ဘိုးဘဝမြေကွက်အား အမည်ပေါက်သူ ဦးစိုးမင်းဇေါ်ဝင်းကြည်တို့ထံမှ အရောင်း အဝယ်စာချုပ်အမှတ်(၂၉၀၆/၂၀၀၈)ဖြင့် ဒေါ်လွဲလွဲအေးက ဝယ်ယူခဲ့ပြီး ၎င်းထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၃၄၄၃/၂၀၁၂)ဖြင့် ဦးလှကြီးက ဝယ်ယူခဲ့ပါသည်။ အဆိုပါမြေကွက်သူ ဦးစိုးမင်း၊ ဒေါ်ဝင်းကြည်တို့ထံမှလည်း အရောင်းအဝယ်စာချုပ် အမှတ်(၁၇၇၄/၂၀၀၄)ဖြင့် ဦးလှကြီးက ဝယ်ယူခဲ့ပါသည်။ ဖခင်ဦးလှကြီး မိခင် ဒေါ်ဝင်း၊ သမီးဒေါ်အုန်းတင်(အမျိုးဘဝ)၊ သား ဦးမောင်ထွေး၊ (မိဘများထက် စောသဖြင့် ကွယ်လွန်ခဲ့ပြီး သားဦး)အောင်ကြည်သည်ရပ်မနံဘဝဖြင့် သာသနာ့ဘောင်သို့ အပြီးဝင်ရောက်ခဲ့ပါသဖြင့် ကျွန်ုပ်ရဆဲသူ သားသမီးများဖြစ်ကြသော ဒေါ်အုန်းရင် ဇ/မနတ(နိုင်)၀၈၃၃၇၇၊ ဦးရဲ ဇ/မနတ(နိုင်)၀၈၃၇၆၆၊ ဦးအောင်ဖြင့် ဇ/မနတ(နိုင်)၀၈၃၈၈၈၊ ဒေါ်စိန်သေဿ် ဇ/မနမ(သိ)၀၀၀၂၀၊ ဦးမောင်ထွေး(ခ)ဦးဌေး ဇ/မနတ(နိုင်)၀၉၉၇၇၀တို့က ဘိုးဘအမည်ပေါက်ဖြေပုံ၊ သေစာရင်း၊ တရားရုံးကျွမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက် များတင်ပြ၍ အမွေဆက်ခံနှင့် ကွန်လွတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၅၊ နည်းဥပဒေ-၂၀) မဟာအောင်မြေခရိုင်တရားရုံးတော် ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၈၅

